# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)


၁၃၈၄ ခုနှစ်၊ နတ်တော်လကွယ်နေ့ | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ် တရားလွှတ်တော် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

## မိမိတို့အားလုံး မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီစိုင်မာရေးဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း စသည့်အခြေခံလိုအပ်ချက်များကို ဖြစ်ပေါ်စေရေးအတွက် တရားရေးကဏ္ဍသည် အလွန်အရေးကြီး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အဆိုပါရုံးနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားများနှင့်


*စာမျက်နှာ ၃ ကော်လံ ၁*❏


**ယနေ့ ဖတ်စရာ**


(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် ဘောလုံး (အမျိုးသား) ပြိုင်ပွဲ ဆက်လက်ကျင်းပ — ပြည်တွင်းသတင်း စာ - ၉

စိန်ရတုလွတ်လပ်ရေး ပန်းတိုင်ဆီသို့ ခရီးဆက်နိုင်ခဲ့ပြီ — ဆောင်းပါး စာ - ၁၀

## အလေးအနက်ထား စစ်ဆေးကြပ်မတ်သွားရမည့် တရားမဝင် လူဝင်လူထွက်ပြဿနာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ ဘင်္ဂါလီလူမျိုးများအား မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်အတွက် တရားမဝင် သယ်ယူပို့ဆောင်ပေးသူများကို ဖော်ထုတ်ဖမ်းဆီးခဲ့သည့် သတင်းက မိမိတို့နိုင်ငံအတွင်း တရားမဝင် လူဝင်လူထွက် ပြဿနာများကို လုံခြုံရေးအမြင်၊ နိုင်ငံရေးအမြင်များဖြင့် ပိုမို၍ အလေးအနက်ထား စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်နေကြောင်း ပြသလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံ၏ အနောက်တံခါးဟုဆိုသည့် နယ်စပ်ဒေသသည် လူဝင်မှု ပြဿနာ အကြီးမားဆုံးနေရာဖြစ်နေပြီး ယင်းမှစသည့် ပြဿနာကြောင့် နိုင်ငံနှင့်ချီ၍ ရှင်းလင်းနေရဆဲလည်းဖြစ်သည်။

တစ်ဖက်နိုင်ငံမှ လူများအား ငွေကြေးရယူကာ တရားမဝင် သယ်ယူပို့ဆောင်ပေးကြသူများသည် ရေလမ်းခရီး၊ တောလမ်းခရီး၊ ကုန်းလမ်းခရီးတို့မှတစ်ဆင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ကို ဖြတ်သန်းသယ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး လမ်းခရီးရှိ ကျေးရွာအချို့တို့တွင် နားခိုနေထိုင်ခဲ့ကြသည်ကို သတင်းနှင့် တွေ့ရှိရသည်။ ၎င်းတို့အနေဖြင့် မလေးရှားသို့မရောက်မီ မြန်မာပြည်တွင်းနှင့် ထိုင်းနိုင်ငံဒေသအချို့တို့ကိုပါ ဆက်လက်ဖြတ်သန်းကြရဦးမည်ဟု ယူဆရသည်။ တရားမဝင်သယ်ယူပို့ဆောင်ပေးသည့်အဖွဲ့မှာ အခကြေးငွေယူ၍ သယ်ဆောင်ပေးမှု ငါးကြိမ်ရှိပြီဖြစ်သည်ဟု အဆိုရှိပြီး ၎င်းတို့သယ်ဆောင်သည့် လမ်းကြောင်းတွင် စစ်ဆေးရေးဂိတ်အချို့ ရှိနေသည်။ ယခုဖြစ်စဉ်တွင် တရားမဝင်လူသယ်သူများက ဆီဘောက်ဆာယာဉ်တစ်စီးကို လူသယ်ယာဉ်အဖြစ် အသုံးပြုခဲ့ကြရာ ဆီဘောက်ဆာယာဉ်ဖြင့် လက်နက်သယ်ယူမှု၊ မူးယစ်ဆေးဝါး သယ်ယူမှု၊ တရားမဝင် သစ်မှောင်ခိုမှုများ ပြုခဲ့သည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်တို့လည်း ရှိခဲ့သည့်အလျောက် စနစ်တကျ ထိထိရောက်ရောက် စစ်ဆေးမှုပြုရန် လိုအပ်မည်ဖြစ်သည်။

လူမှောင်ခို/လူကုန်ကူးသူများ အသုံးပြုလေ့ရှိသည့် လမ်းကြောင်းများပေါ်ရှိ မြို့ရွာရပ်ကွက်များတွင် လူအဝင်အထွက်များကို ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများက တင်းတင်းကျပ်ကျပ် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဒေသခံပြည်သူများကိုလည်း သတင်းပေးရန် စည်းရုံးနှိုးဆော်ခြင်း၊ လူမှောင်ခိုကုန်ကူးမှုများနှင့် စပ်လျဉ်း၍ အသိပညာပေးခြင်းတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် တိုက်တွန်းလိုသည်။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများဖြစ်ကြသည့် ထိုင်း၊ မလေးရှား စသည့်နိုင်ငံတို့တွင် နိုင်ငံခြားသားများ၏ ဝင်ထွက်သွားလာနေထိုင်မှုများကို လူဝင်မှုကြီးကြပ်ရေး၊ ရဲတပ်ဖွဲ့ စသည်တို့က အချိန်ပြည့် စစ်ဆေးကြပ်မတ်လျက်ရှိရာ လူမှောင်ခိုသယ်ဆောင်ရာလမ်းကြောင်းဖြစ်လာနေသည့် မိမိတို့နိုင်ငံတွင်လည်း ထိုနည်းလည်းကောင်း ဖြစ်ရမည်သာဖြစ်သည်။

ယခုဖြစ်စဉ်သည် ပြည်တွင်းမှ လူကုန်ကူးမှု/လူမှောင်ခိုမှု မျိုးမဟုတ်ဘဲ တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသူများဖြစ်ပြီး နယ်စပ်ဖြတ်ကျော်သည့်အရေးနှင့် ရှုပ်ထွေးသည့် ပြဿနာမျိုးဖြစ်သည်။ အလားတူဖြစ်စဉ်များ နောက်ထပ်မဖြစ်ပွားစေရန်အတွက် တာဝန်ရှိသည့်အပိုင်းမှ အလေးအနက်ထား ဆောင်ရွက်ကြရေးနှင့် နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပြည်ပမှ တရားမဝင် ဝင်ရောက်လာသူများအား ဖော်ထုတ်ထိန်းသိမ်းရာတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည်ဖြစ်ကြောင်း။ ။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းမှု ကြည့်ရှုအားပေး



**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်း သွေးလှူဒါန်းကြသည်။

### ထောက်ပံ့ပေးအပ်

ဂုဏ်ပြုသွေးလှူဒါန်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၁၃၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ဒုတိယရဲချုပ်များနှင့်ဇနီးများ၊ ရဲအရာရှိကြီးများ၊ နေပြည်တော် ခုတင် (၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ စန်းလွင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်တစ်ဦးချင်းစီကို အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

### စုပေါင်းသွေးလှူဒါန်း

ထို့အတူ ဒီဇင်ဘာ ၂၁ ရက်တွင်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၁၁၉ ဦးတို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် အခွန်ရှောင်တိမ်းခြင်းဆိုင်ရာ အများပြည်သူ သိရှိလိုက်နာရန် သတ်မှတ်ချက်ရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပြည်တွင်းအခွန်များ ဦးစီးဌာန အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃) ရန်ကုန်တိုင်းဒေသကြီးက ကျင်းပသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် အခွန်ရှောင်တိမ်းခြင်းဆိုင်ရာ အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်အား ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အောင်ဘာလေသိန်းဆုဌာနခွဲ(ခန်းမ) ရန်ကုန်၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၃)ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်းက ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးကိစ္စ ဆောင်ရွက်နေမှုများ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနက ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်တွင်း အခွန်ထမ်းကုမ္ပဏီ ၂၅၆ ခု တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

❑ *ရှေ့ဖုံးမှ*

ဥပဒေရေးရာဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ပြည်နယ်တရားသူကြီးချုပ် ဦးညီညီစိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မွန်ပြည်နယ်တရားလွှတ်တော် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မွန်ပြည်နယ် တရားလွှတ်တော် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မွန်ပြည်နယ် တရားလွှတ်တော် အဆောက်အဦသစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ် တရားလွှတ်တော် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အဦသစ်အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တရားလွှတ်တော်ရုံး အဆောက်အဦနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အဆောက်အဦ ဆောက်လုပ်ရခြင်းနှင့် ပတ်သက်သည့် Video Clip ကိုပြသသည်။

## လွှဲပြောင်းပေးအပ်

ဆက်လက်၍ တရားလွှတ်တော်အဆောက်အဦသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတရားသူကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ပြည်ထောင်စု တရားသူကြီးချုပ်က မွန်ပြည်နယ်တရားလွှတ်တော် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အဆောက်အဦပုံစံငယ် ကျောက်စီပန်းချီကားကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မွန်ပြည်နယ် တရားလွှတ်တော် အဆောက်အဦသစ် ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉) ရပ်တို့ကို ချမှတ်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း ခေတ်ကာလနှင့် မလျော်ညီသည့် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးဖြည့်စွက်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် နိုင်ငံတော်၏ အာဏာကြီး (၃) ရပ်တွင် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး အခန်းကဏ္ဍဟူသည် အရေးကြီးသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး၏ နေ့စဉ်လူမှုဘဝ လုံခြုံရေးအတွက်လည်း မရှိမဖြစ်သည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အားလုံး မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီ ခိုင်မာရေးဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း စသည့်အခြေခံလိုအပ်ချက်များကို ဖြစ်ပေါ်စေရေးအတွက် တရားရေးကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် **"နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်၊ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"** ဟူသည့် ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် **"ဥပဒေအထက်တွင် မည်သူမျှ မရှိစေရ"** ဟူသည့်အတိုင်း အဘက်ဘက်က မှန်ကန်တိကျပြီး တရားမျှတမှုရှိသည့် စီရင်ဆုံးဖြတ်ချက်များနှင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို ဆောင်ရွက်နိုင်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

## စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေ

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အောက်တွင် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ မြို့နယ်တရားရုံးများ၊ ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများဟူ၍ တရားရုံး အဆင့်ဆင့် ဖွဲ့စည်းပြီး မှုခင်းများကို မှန်မှန်ကန်ကန်နှင့် ကြန့်ကြာမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်နေကြသကဲ့သို့ တစ်ဖက်တွင်လည်း တရားရုံးများ၏ ဥပမိရုပ် ကောင်းမွန် တိုးတက်စေရေး၊ အများပြည်သူတို့ စိတ်ချမ်းသာစွာ လာရောက်နိုင်ရေးအတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တရားရုံးများကို အဆင့်နှင့် လျော်ညီပြီး ဂုဏ်အင်္ဂါရပ်နှင့်ညီအောင် ရင်းနှီးတည်ဆောက်ပေးထားသည့်အတွက် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍတွင် ထိရောက်အကျိုးရှိသည့် တရားရုံးများ ဖြစ်လာကြလိမ့်မည်ဟုလည်း မျှော်လင့်မိကြောင်း။

တရားစီရင်ရေးဆိုရာတွင် ပြည်သူလူထုက ယုံကြည်အားကိုးရသည့် တရားစီရင်ရေးဖြစ်ရန် အရေးကြီးသည်ကို အထူးပြောရန် မလိုကြောင်း၊ ထိုကဲ့သို့ ယုံကြည်ကိုးစားမှုရှိနိုင်ရေး တရားရုံးများက ဥပဒေနှင့်အညီ လွတ်လပ်မှန်ကန်စွာ ဆုံးဖြတ်နိုင်ခြင်း၊ အဂတိတရား ကင်းစင်ခြင်း၊ မှန်မှန်ကန်ကန်နှင့် မြန်ဆန်စွာ အဆုံးအဖြတ်ပြုနိုင်ခြင်းများသည် အရေးပါသည်ဖြစ်သကဲ့သို့ တရားရုံးများ၏ အသွင်အပြင် တင့်တယ်မှု၊ ခံ့ညားထည်ဝါမှု၊ တရားရုံးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်မှုရှိရန်လည်း လိုအပ်ကြောင်း။

**တရားစီရင်ရေးသည် အမှားအယွင်းမခံသည့် ကိစ္စဖြစ်ပြီး အပြစ်ရှိသူတစ်ယောက်ကို ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ရန်လိုပြီး အပြစ်မရှိသူတစ်ယောက်ကို အပြစ်ပေးမိခြင်းမျိုး မဖြစ်ရန်လိုအပ်**ကြောင်း၊ ကျူးလွန်သည့်ပြစ်မှုနှင့် သင့်တော်သည့် ပြစ်ဒဏ်မျိုးကို မှန်မှန်ကန်ကန် ချမှတ်နိုင်ခြင်းသည် တရားစီရင်ရေး၏ အဓိကလိုအပ်ချက်ဖြစ်ရာ တရားသူကြီးများအနေဖြင့် ဥပဒေရေးရာတွင် နှံ့စပ်ကျွမ်းကျင်ပြီး စီရင်ထုံးများကို သိရှိနားလည်အောင် အစဉ်ကြိုးစားလေ့လာနေရန် *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# “တရားစီရင်ရေးသည် အမှားအယွင်းမခံသည့် ကိစ္စဖြစ်ပြီး အပြစ်ရှိသူတစ်ယောက်ကို ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ရန် လိုပြီး အပြစ်မရှိသူ တစ်ယောက်ကို အပြစ်ပေးမိခြင်းမျိုး မဖြစ်ရန်လို”

*စာမျက်နှာ ၃ မှ*

လိုအပ်ကြောင်း၊ ပြစ်မှုကျူးလွန်သူကို နောင်တွင် နောက်ထပ်ပြစ်မှု မကျူးလွန်စေရေး ဟန့်တားနိုင်သည့် ပြစ်ဒဏ်စီရင်ချမှတ်နိုင်ရေးအတွက် တရားသူကြီးများ၏ အတွေ့အကြုံနှင့် ဆင်ခြင်တုံတရားများသည် တရားရေးမဏ္ဍိုင်တွင် အလွန်အရေးကြီးသည်ကို အသိပေးမှာကြားလိုကြောင်း။

**ICT နည်းပညာများ စတင်အသုံးပြုလာ**

ယခုအချိန်အခါ၌ ကမ္ဘာ့နိုင်ငံအများအပြားတွင် ရှိသည့် တရားရုံးများတွင် နည်းပညာကို အသုံးပြုပြီး တရားစီရင်ရေး ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကွန်ပျူတာ၊ အင်တာနက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်း တရားစီရင်ရာတွင် အသုံးပြုလာကြသကဲ့သို့ ဉာဏ်ရည်တု (AI) နည်းပညာကိုပါ အသုံးပြုလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း တရားရုံးများ၌ ICT နည်းပညာများ တဖြည်းဖြည်းနှင့် စတင်အသုံးပြုလာပြီဖြစ်ပါကြောင်း၊ သက်သေစစ်ဆေးရာတွင်လည်း Video Conferencing စနစ်ကိုသုံးပြီး အဝေးရောက်နေသည့် သက်သေများကို စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လာကြပြီဖြစ်ကြောင်း၊ တရားစီရင်ရေးတွင် ခေတ်နောက်မကျစေရေး ကြိုးပမ်းဆောင်ရွက်လာသည်ကို တွေ့ရသဖြင့် ဝမ်းသာအားရဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့် တရားစီရင်ရေးကဏ္ဍတွင် တိုးတက်ပြောင်းလဲမှုများဖြစ်စေရန် စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်နေခြင်းဖြစ်ပြီး လိုအပ်သည့် တရားရုံး အဆောက်အဦအသစ်များ ဆောက်နိုင်ရန်နှင့် နည်းပညာပိုင်းဆိုင်ရာပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက်လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ ချင်းပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်တို့ကို ဆောက်လုပ်ခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၂ ရက်က ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် မွန်ပြည်နယ် တရားလွှတ်တော်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်၏ အခြေခံဖြစ်သည့် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း တာဝန်ရှိသူများအနေဖြင့် တရားရုံးအဆောက်အဦများ စဉ်ဆက်မပြတ် သန့်ရှင်းကောင်းမွန်စေရေး၊ တရားရုံးအဆောက်အဦ ပရိဘောဂ၊ မှတ်တမ်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရေး၊ အဂတိတရားကင်းကင်းဖြင့် ဥပဒေနှင့်အညီ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြပါဟု မှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်က မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အဦသစ်ကြီးကို တရားလွှတ်တော် အင်္ဂါရပ်နှင့်အညီ ခံ့ညားထည်ဝါစွာ ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသာယာလှပရေး၊ လုံခြုံရေးတို့အတွက် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် လိုအပ်သည့် အခြေအနေတို့ကို ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ညွှဲ့ခန်းမ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မော်လမြိုင်လေဆိပ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများနှင့် မော်လမြိုင်မြို့အနီး နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်း တည်ဆောက်မည့် အခြေအနေများ၊ မော်လမြိုင်–ရေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အဆင့်မီလေယာဉ်ကွင်းတစ်ခုတည်ဆောက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က မော်လမြိုင်လေဆိပ် သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မော်လမြိုင်လေယာဉ်ကွင်းသည် မြို့နှင့်နီးကပ်ခြင်း၊ တက္ကသိုလ်နှင့် နီးကပ်ခြင်းတို့ကြောင့် ခေါက်ရေတိုးချဲ့ပြေးဆွဲရန် ကန့်သတ်ချက်ရှိခြင်း၊ လေယာဉ်ပြေးလမ်းအား တိုးချဲ့ရန် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် မော်လမြိုင်လေဆိပ်ကို နေရာအသစ်သို့ ပြောင်းရွှေ့ရန်အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သည့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်အမျိုးအစားအားလုံး ဆင်းသက်နိုင်သည့် အဆင့်မီလေယာဉ်ကွင်းတစ်ခု တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်–မော်လမြိုင်–ရေး ရထားလမ်းပိုင်းကို ခရီးသွားပြည်သူများ သွားလာနိုင်ရေးအတွက် လူစီးရထားတွဲများ ပြန်လည်ပြေးဆွဲပေးရန်နှင့် ကုန်စည်များ ပို့ဆောင်ရန် လိုအပ်ပါကလည်း ကုန်တင်ရထားတွဲများ ပြေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အဆိုပါ ရထားလမ်းပိုင်းအား အမြဲတမ်း စဉ်ဆက်မပြတ်သွားလာနိုင်ရေး စနစ်တကျဖြင့် ထိန်းသိမ်းပြုပြင် အဆင့်မြှင့်တင်နေရန်လိုကြောင်း၊ ရထားလမ်းပိုင်းတစ်လျှောက် သာယာလှပရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် အသစ်ထပ်မံဖောက်လုပ်မည့် မော်လမြိုင်–ထားဝယ် ရထားလမ်းပိုင်း တည်ဆောက်ရာတွင်လည်း လမ်းကြောင်းပြေပြစ်မှုရှိစေရေးနှင့် တတ်နိုင်သမျှ တစ်ဖြောင့်တည်းဖြစ်စေရေး စနစ်တကျကွင်းဆင်းတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကိုကြည့်၍ မျှော်တွေးဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ် တရားလွှတ်တော် အဆောက်အဦသစ် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မွန်ပြည်နယ်တရားလွှတ်တော် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အဆောက်အဦပုံစံငယ် ကျောက်စီပန်းချီကား ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူတစ်ဦးက မော်လမြိုင်လေဆိပ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

◆ **ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့မှ နှစ်စဉ်စာရင်းပြုစုသော တီထွင်ဆန်းသစ်မှုဆိုင်ရာ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ တီထွင်ဆန်းသစ်မှုကို တိုင်းတာသည့် ကမ္ဘာလုံးဆိုင်ရာ တီထွင်ဆန်းသစ်မှုညွှန်းကိန်း (Global Innovation Index-GII) ကို နှစ်စဉ် ထုတ်ပြန်လျက်ရှိ၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၁၂၉၊ ၂၀၂၁ ခုနှစ်တွင် အဆင့် ၁၂၇ နှင့် ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၁၆ တွင် ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရ**

◆ **တီထွင်ဆန်းသစ်နိုင်မှုနှင့် ဖန်တီးနိုင်မှုစွမ်းအားများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျနေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများကို မြင့်တက်စေနိုင်ရန် တီထွင်သူ၊ ဖန်တီးသူတို့၏ လက်ရာများကို ထိထိရောက်ရောက် အကာအကွယ်ပေးမည့် မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်**

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က မိမိတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်များအလိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း။

**မူပိုင်ခွင့်ကဏ္ဍ အရေးပါလာ**

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့တွင် မူပိုင်ခွင့်ကဏ္ဍအနေဖြင့် ပိုမိုအရေးပါလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့ခေတ်တွင် ခေတ်နှင့်အညီ ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်စေရန် အစိုးရ၊ ဌာနဆိုင်ရာများ၊ စွန့်ဦးတီထွင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာ ဗဟုသုတများရှိစေရန်နှင့် မိမိတို့ လုပ်ငန်းတာဝန်အသီးသီးတွင် အသုံးချဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်စနစ်ကို အရေးကြီးသည့် ကဏ္ဍတစ်ရပ်အနေဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း။

**လက်နက်တစ်ခုအဖြစ်ကျင့်သုံးလာ**

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ စဉ်ဆက်မပြတ်တည်တံ့တိုးပွားစေရန် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်ကို စီးပွားရေးလက်နက်တစ်ခုအဖြစ်ကျင့်သုံးလာကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကို ၂၀၀၁ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတွင် အထောက်အပံ့ဖြစ်စေနိုင်ပြီး ပြည်သူအများ၏ တီထွင်ဖန်တီးနိုင်စွမ်းကို အားပေးမြှင့်တင်စေနိုင်မည့် မူပိုင်ခွင့်စနစ်တစ်ရပ် အကောင်အထည်ဖော်ရန် အချိန်သင့်နေပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၉ ခုနှစ်က အတည်ပြုပြဋ္ဌာန်းထားသည့် မူပိုင်ခွင့်ဥပဒေများကို အမြန်ဆုံး အာဏာသက်ဝင်ပြီးနောက် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**မူပိုင်ခွင့်စနစ်အကောင်အထည်ဖော်**

ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့မှ နှစ်စဉ်စာရင်းပြုစုသော တီထွင်ဆန်းသစ်မှုဆိုင်ရာ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ တီထွင်ဆန်းသစ်မှုကို တိုင်းတာသည့် ကမ္ဘာလုံးဆိုင်ရာ တီထွင်ဆန်းသစ်မှု ညွှန်းကိန်း (Global Innovation Index-GII) ကို နှစ်စဉ်ထုတ်ပြန်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၁၂၉၊ ၂၀၂၁ ခုနှစ်တွင် အဆင့် ၁၂၇ နှင့် ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၁၆ တွင် ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ တီထွင်ဆန်းသစ်နိုင်မှုနှင့် ဖန်တီးနိုင်မှုစွမ်းအားများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျနေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများကို မြင့်တက်စေနိုင်ရန် တီထွင်သူ၊ ဖန်တီးသူတို့၏ လက်ရာများကို ထိထိရောက်ရောက် အကာအကွယ်ပေးမည့် မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

၂၀၁၉ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေ (၄) ရပ် အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို စတင်အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးလမ်းညွှန်ခဲ့ပြီးဖြစ်သည့်အတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအာဏာသက်ဝင်ခြင်းနှင့် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး စတင်ဆောင်ရွက်နိုင်စေရေး ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင် အဖွဲ့ဝင် (၃၂) ဦး ရှိသည့်အနက် မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များနှင့် စပ်လျဉ်း၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ပညာရှင်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ပညာရှင်၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ပညာရှင်နှင့် တီထွင်မှုမူပိုင်ခွင့်ပညာရှင်တို့ကို ခန့်ထားရန် လိုအပ်နေကြောင်း၊ ထို့ကြောင့် မူပိုင်ခွင့်ဆိုင်ရာပညာရှင် (၄) ဦး ရွေးချယ်ခန့်ထားနိုင်ရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဥပဒေများအရ မူပိုင်ခွင့် ဆိုင်ရာအေဂျင်စီဖွဲ့စည်းပြီးပါက အေဂျင်စီအတွက် လိုအပ်သည့် ပညာရှင်များ ရွေးချယ်ခန့်ထားရေးကိုလည်း ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

**ဥပဒေနှင့်အညီ ရရှိခံစားစေနိုင်**

ယခုကဲ့သို့ မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး၊ အဆင့်မြင့်နည်းပညာများ လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့်စီးပွားရေးကဏ္ဍများမြင့်မားတိုးတက်လာစေရေးတို့တွင် အထောက်အကူဖြစ်စေနိုင်မည့်အပြင် စွန့်ဦးတီထွင်သူများ၊ ဖန်တီးသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များစသည့် မူပိုင်ခွင့်ပိုင်ရှင်များ၏ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း။

ယခုဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင် ပါဝင်သော တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် မိမိတို့ ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုကဏ္ဍများ၊ တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို အစိုးရနှင့် ပြည်သူအတူလက်တွဲပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မူပိုင်ခွင့်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစာတစ်ခုချင်းအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

**ဆုံးဖြတ်ချက်မူကြမ်းများ အတည်ပြု**

ယင်းနောက် ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မူပိုင်ခွင့်ဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး အစည်းအဝေး ဆုံးဖြတ်ချက်မူကြမ်းများကို အတည်ပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မကွေးပညာရေး ဒီဂရီကောလိပ်၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မကွေး ဒီဇင်ဘာ ၂၀**

မကွေးမြို့ အမှတ်(၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှ ဦးဆောင်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မကွေးပညာရေး ဒီဂရီကောလိပ် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ မကွေးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်၊ နည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသိပညာပေး ဟောပြောပွဲတွင် အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ယာယီရဲမှူး ကျော်လင်းက လူကုန်ကူးခံရမှုတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအမှတ် (၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါ အကြောင်းအရာများနှင့် မူးယစ်ဆေးဝါး အသုံးပြုပါက ရရှိလာမည့်ဆိုးကျိုးများ၊ မူးယစ်



ဆေးဝါးအန္တရာယ် အကြောင်းသိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

## ဝေါမြို့နယ်၌ ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲနှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေး အချိန်ပိုဖွင့်လှစ်သင်ကြားပေး

**ဝေါ ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ အခြေခံပညာအထက်တန်းကျောင်း၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲနှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် အလွတ်ဖြေဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အချိန်ပိုဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဝေါမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အလွတ်ဖြေဝင်ရောက် ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အချိန်ပိုသင်ကြားခြင်းကို အ.ထ.က (ဝေါ)ကျောင်း၌ ဒီဇင်ဘာ ၁၇ ရက်မှ စတင်၍ စနေ၊ တနင်္ဂနွေရက်များတွင် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းရှိ ဘာသာရပ် ကျွမ်းကျင်သော အလယ်တန်းကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြ ဆရာ ဆရာမ ၂၁ဦးတို့က ကြီးကြပ်သင်ကြားပေးနေပြီး အလွတ်ဖြေ ကျောင်းသား ကျောင်းသူ ၅၇ ဦး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် မြောင်းမြမြို့ ဒေသသုတေသနဗဟိုဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မြောင်းမြ ဒီဇင်ဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ ဒေသသုတေသနဗဟိုဌာနသို့ ယနေ့နံနက် ၉ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ကောင်စီအဖွဲ့ဝင်အား သုတေသနဌာနတာဝန်ခံ ဒေါ်ဖြူပြာလွင်က ဒေသမျိုးစပါး သုတေသန ပြုလုပ်နေမှု၊ ပေါ်ဆန်းမွှေး အရည်အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းခြင်း၊ ပေါ်ဆန်းမွှေး စိုက်ပျိုးသုတေသနပြုလုပ်နေမှု၊ ဒေသနှင့် သင့်တော်မည့် မျိုးရွေးချယ်နေမှု၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီတွင် တွေ့ရှိသည့် အလားအလာကောင်းသည့် ရေမြုပ်ခံစပါးမျိုးသစ်၊ မိုးရေသောက် လယ်စပါးမျိုးသစ်၊ ဆည်ရေသောက် လယ်စပါး မျိုးသစ်၊ နိုင်ငံတော်မျိုးစေ့ကော်မတီသို့ မှတ်ပုံတင်ထားသော ဆားငန်ခံစပါးမျိုးသစ်များ အခြေအနေ၊ နည်းပညာဖြန့်ဖြူးပေးနိုင်မှုများကို ရှင်းလင်းတင်ပြရာ ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် သုတေသနစပါးစိုက်ကွင်းနှင့် မျိုးစပါး ထုတ်လုပ်စမ်းသပ်နေမှု၊ သဘာဝမြေဩဇာပြုလုပ်နေမှု၊ ဒေသအလိုက် သင့်တော်သည့် မျိုးစပါးများ ပြသထားမှု၊ သီးထပ်ရင် မျိုးသန့်စပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**



ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်အဆင့် ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌက အမျိုးသားအဆင့်ကော်မတီအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအဆင့် လုပ်ငန်း ကော်မတီ ၅ ရပ်အပြင် ပြည်နယ်အဆင့် ကော်မတီများ ဖွဲ့စည်း၍ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရန်ပုံငွေထည့်သွင်းလျာထား**

IDP စခန်းများအား စိစစ်လေ့လာသုံးသပ်၍ အကြံပြုချက်များ ဖော်ထုတ်တင်ပြရေးအဖွဲ့ကိုလည်း ဖွဲ့စည်း၍ ကွင်းဆင်းဆောင်ရွက်ထားပြီးဖြစ်သဖြင့် IDP စခန်းများအလိုက် ရောက်ရှိနေထိုင်နေကြသူများ၏ ရပ်တည်နေထိုင်မှုကို စိစစ်လေ့လာပြီးစခန်းများ ပိတ်သိမ်းနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြရန်နှင့် အားလုံးပါဝင် ဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ပြန်လည်နေရာချထားရေးအတွက် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်သွားကြရန်နှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ထပ်မံဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး လုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာနများအလိုက် ရန်ပုံငွေထည့်သွင်းလျာထား ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**စခန်း ၁၇၀ ကို ပိတ်သိမ်းနိုင်**

အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းစဉ်များကို အားလုံး ပူးပေါင်းပါဝင်၍ တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသဖြင့် ၂၀၁၁ ခုနှစ် မတ်လမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလကုန်အထိ ကာလအတွင်း အိမ်ထောင်စု ၁၆၇၇၃ စု၊ လူဦးရေ ၇၂၇၇၁ ဦးတို့ကို မူလနေရာများသို့ ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ပြီး IDP နှင့် တိုက်ပွဲရှောင်စခန်း ၁၇၀ ကို ပိတ်သိမ်းနိုင်ခဲ့ပါကြောင်း။

ပြည်တွင်း နေရပ်စွန့်ခွာသူများကို မူလနေရပ်အပါအဝင် ပြန်လည်နေရာချထားသည့် ဒေသများတွင် အမှီအခိုကင်း၍အဆင်ပြေစွာရပ်တည်နေထိုင်နိုင်စေရန် စီမံဆောင်ရွက်ပေးခြင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီဆောင်ရွက် ပေးခြင်းတို့ဖြင့် လက်နက်ကိုင် ပဋိပက္ခများနှင့် လူမှုရေးပဋိပက္ခများကို လျော့နည်းပပျောက်စေနိုင်သကဲ့သို့ ဒေသတွင်း ဖွံ့ဖြိုးရေးအစီအစဉ်များ ဖော်ဆောင်နိုင်ရန်အတွက်လည်း များစွာ အထောက်အကူပြုမည်ဖြစ်သဖြင့် လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့် ကော်မတီများအားလုံး အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီညီထိရောက် ပီပြင်စွာ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှုအခြေအနေ၊ IDP Camp များနှင့် တိုက်ပွဲရှောင် စခန်းများတွင် အချက်အလက် ကောက်ယူခြင်းနှင့် လူမှုရေးဆိုင်ရာပံ့ပိုးမှု အခြေအနေ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေး အတွက် ထောက်ပံ့ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ထိုးနှံသွားမည့် အစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေးနေမှု အခြေအနေ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများနှင့် မူလနေရပ်သို့ ပြန်လည်နေထိုင်လိုသူများအတွက် လတ်တလောလိုအပ်သည်များကို ထောက်ပံ့ကူညီပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ကော်မတီအတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညို၏ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်အဆင့် ကော်မတီများအနေဖြင့် (၂/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် IDP စခန်းများအား လေ့လာသုံးသပ်၍ အကြံပြုချက်များ ဖော်ထုတ်တင်ပြရေးအဖွဲ့ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ IDP စခန်းများတွင် နေထိုင်ကြသူများ၏ ရပ်တည်နေထိုင်မှုများအပေါ် ကွင်းဆင်း စိစစ်လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့် ကော်မတီများမှ တာဝန်ရှိသူတို့က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် အကြံပြုချက်များကိုသက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ လူဦးရေစာရင်းများမှ နှစ်ကြိမ်နှင့်အထက် ထပ်နေသောသူများအား မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေး

**ရွှေတောင် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဥပဒေနှင့်အညီ နေထိုင်လျက်ရှိသော လူဦးရေစာရင်းများကို မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း၊ မြို့နယ်အတွင်း တိုက်ဆိုင်စစ်ဆေးခြင်း Cross Check လုပ်ငန်းများကို ဒီဇင်ဘာ ၁၈ ရက်နေ့မှစ၍ ရွှေတောင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့ပူးပေါင်း၍ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လူဦးရေစာရင်းများ မှန်ကန်ရေးအတွက် စာရင်းဇယားများနှင့် ပတ်သက်၍ မှတ်ပုံတင်နှစ်ခုနှင့်အထက် ကိုင်ဆောင်သူများ၊ ထပ်နေသူများ၊ အိမ်ထောင်စုစာရင်းတွင် မပါရှိသူများကို တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

"နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှ ကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။"

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



ပြည်ထောင်စုတိုင်းရင်းသားများ ဓာတ်ပုံ - စိုင်းထွန်းနေလှိုင်

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှင့် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များရှိ လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမားများသို့ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ယနေ့တွင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးဖြင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်နှင့် ရွှေလင်ပန်းစက်မှုဇုန်တို့မှ လူမှုဖူလုံရေးအကျုံးဝင် အလုပ်သမားများအား အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးမှုကို အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ**(အပေါ်ယာပုံ)** အာမခံ အလုပ်သမားများအတွက် ကျန်းမာရေးသုံးပစ္စည်းဖြစ်သော တစ်ခါသုံး နှာခေါင်းစည်း (Disposable Mask) နှင့် အားဆေးများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂၁) သောင်ကြီးမြောက် ရန်ကုန်ပုသိမ်လမ်းမကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ (ထန်းတပင်) သို့ သွားရောက်ပြီး ခေတ္တဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်စေ လိုကြောင်း၊ အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုသည် လူမှုဖူလုံရေးအဖွဲ့၏ အဓိကကျသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်၍ အရည်အသွေးပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှုများကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်း အင်အားပြည့်လည်ပတ်ရန် လိုအပ်ချက်ကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ပညာရှင်များဖြစ်သည့်အတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် မိမိလုပ်ငန်း အောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခု ဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိက လိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်နှင့် ယခုထက် ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရန် လမ်းညွှန်မှာကြားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာန၌ လာရောက်ပြသသည့် ပြင်ပလူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ဆေးဝါးကုသပေးနေမှုများကို လည်းကောင်း၊ အတွင်းလူနာကုသပေးသည့် လူနာဆောင်များကို လည်းကောင်း၊ Oxygen Plant ဖြင့် Oxygen ထုတ်လွှတ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လူမှုဖူလုံရေး အဖွဲ့သည် လူမှုဖူလုံရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၁၉ မြို့နယ်ရှိ အကျုံးဝင်အာမခံအလုပ်သမား ၁ ဒသမ ၂၃ သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ် လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၈ ခန်း၊ စာချုပ်ဆေးခန်း ၃၇ ခန်း၊ သားဖွားမီးယပ်ဝန်ဆောင်မှု ဆောင်ရွက်နေသောဆေးခန်း ရှစ်ခန်း၊ တိုင်းရင်းဆေးခန်းတစ်ခန်းအပြင် ရွေ့လျားဆေးကုသယာဉ်နှစ်စီးဖြင့် အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အာမခံအလုပ်သမား ၈၈၄၁၈၇ ဦး အကျုံးဝင်ထားရှိပြီး အဓိကလုပ်သားအင်အားနှင့် စက်ရုံ၊ အလုပ်ရုံ များပြားသည့်အတွက် ရွေ့လျားကုသယာဉ်ဖြင့် ကုသမှုကို စက်မှုဇုန်ကြီးများသို့ ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်စက်မှုဇုန်များကိုလည်း အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**လက်ပံတန်း ဒီဇင်ဘာ ၂၀**

လက်ပံတန်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် လူငယ်များ ဗလငါးတန် ပြည့်ဝစေရန်၊ အသိပညာ ပိုမိုတိုးတက်လာစေရန်၊ ဗဟုသုတများ မျှဝေတတ်စေရန်၊ အချင်းချင်းအသိပညာများ ဖလှယ်နိုင်စေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်မျိုးဝင်းက အမှာစကား ပြောကြားသည်။

လူငယ် စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) မှ လက်ထောက်ကထိက ဒေါ်စန္ဒာလင်းတို့က ဦးဆောင် ဆွေးနွေးဆောင်ရွက်ခဲ့ရာ စက်မှုအင်ဂျင်နီယာဌာနမှ ဒုတိယနှစ် ကျောင်းသား မောင်အောင်ဘုန်းခန့်က လူငယ်နှင့် စာပေ၊ မြို့ပြအင်ဂျင်နီယာဌာနမှ ဒုတိယနှစ်ကျောင်းသား မောင်မင်းဗလခန့်ကျော် က လူငယ်နှင့် ကျင့်ဝတ်၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာနမှ ပထမနှစ်ကျောင်းသူ မသင်းချယ်ရီမောင်က လူငယ်နှင့် အချိန်နှင့် လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာဌာနမှ တတိယနှစ် ကျောင်းသူ မခိုင်သဥ္ဇာထက်က လူငယ်နှင့် အနာဂတ် စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝ တည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျ ကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

# မြန်မာနိုင်ငံရှိ ပြည်သူများအတွက် စနစ်တကျရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ အကူအညီများ ပေးအပ်လျက်ရှိသည့် အခြေအနေဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၂၀

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် သည် ယနေ့ နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski အား အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ဝဲပုံ)

တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM)အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများအတွက် စနစ်တကျ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ အကူအညီများ ပေးအပ်လျက်ရှိသည့် အခြေအနေနှင့် IOM ၏ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်၊အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ကြသော ဝန်ထမ်းများအား မိသားစုသဖွယ် အသိအမှတ်ပြုသောအားဖြင့် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးရုံးဝန်ထမ်းများ နေ့လယ်စာစားပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။(ယာပုံ)

**ဆက်လက်ဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ အလေးထားဆောင်ရွက်နေကြသည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး၊ အထက်နှင့်အောက် အပြန်အလှန် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ဖော်ကိုင်ဖက်အချင်းချင်း စည်းလုံးညီညွတ်စွာ၊ အေးအတူပူအမျှ ပျော်ရွှင်စွာ၊ တာဝန်ကျေပွန်စွာ၊ ရင်းနှီးခင်မင်စွာ ဆက်လက်ဆောင်ရွက်သွားကြစေ လိုပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ဝန်ထမ်းများအား အခြေခံ စားသောက်ကုန်များဖြစ်သည့် စားသုံးဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

## ပုဂ္ဂလိကတိုင်းရင်းဆေးဝါး ထုတ်လုပ်မှုဆိုင်ရာ တိုင်းရင်းဆေးဆရာများ၏ကြီးကြပ်မှုစွမ်းရည်မြှင့် သင်တန်းဖွင့်



နေပြည်တော် ဒီဇင်ဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းက ကြီးမှူးဖွင့်လှစ်သော ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်မှုဆိုင်ရာ တိုင်းရင်းဆေးဆရာများ၏ ကြီးကြပ်မှုစွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က နေပြည်တော်ရှိ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ နာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ စုစုဒွေးက အမှာစကားပြောကြားပြီး(ဝဲပုံ) မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဗဟို ဥက္ကဋ္ဌ ဆရာကြီးဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းရင်းဆေးကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဒုတိယဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ ၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) မှ တာဝန်ရှိသူများ ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ သင်တန်းသား၊ သင်တန်းသူတိုင်းရင်းဆေး ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းတွင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများက ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

**တီအမ်**

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံး(အမျိုးသား) ပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာ့ဘောလုံး အားကစားအဆင့် အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ ဂုဏ်ဆောင်နိုင်သည့် ဘောလုံး အားကစားသမားကောင်း များစွာ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ် (၁) နှင့် (၃) တို့၌ ကျင်းပသည်။





**အနိုင်ရရှိ**

ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၃) ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး – နှစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်း အမှတ် (၁) ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကိုတစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ လေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို ခြောက်ဂိုး – ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

**ကြည့်ရှုအားပေး**

အဆိုပါ ဘောလုံးပြိုင်ပွဲများသို့ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ ဘောလုံး အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**အခမဲ့ကြည့်ရှုနိုင်**

ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ်(၃) ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃) ၌ ကျန်းမာရေးဝန်ကြီးဌာန အသင်းနှင့် စွမ်းအင်ဝန်ကြီးဌာန အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစား ဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုစံနှုန်းများဆိုင်ရာ တတိယအကြိမ် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

အာဆီယံ ခရီးသွားလုပ်ငန်း ကျွမ်းကျင် ပညာရှင်များအတွက် ကျွမ်းကျင်မှု စံနှုန်းများဆိုင်ရာ တတိယအကြိမ် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံက ဦးဆောင်ပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ Hybrid စနစ်ဖြင့် ကျင်းပသည်။





**အသိအမှတ်ပြုရေး**

အလုပ်ရုံ ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က အာဆီယံ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်ကို ခရီးသွားလုပ်ငန်း ကျွမ်းကျင် ပညာရှင်များအတွက် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့မှုရှိစေရေး၊ အပြန်အလှန် အသိအမှတ်ပြုရေးနှင့် စီမံခန့်ခွဲနိုင်ရေးတို့အတွက် ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံက အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် ကာလအတွင်း ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၉–၂၀၂၃)ကို ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ယင်းစီမံချက်ပါ လုပ်ငန်းအစီအစဉ်(၁)ကို ဦးဆောင်နိုင်ငံအဖြစ် ၂၀၁၉ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း။

**အလုပ်ရုံဆွေးနွေး**

ပထမအကြိမ် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ လည်းကောင်း၊ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၀ ခုနှစ် ဇွန်လတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် အွန်လိုင်းမှတစ်ဆင့် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုစံနှုန်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းများကို အပြီးသတ်ဆောင်ရွက်ခဲ့ကာ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံ ခရီးသွားလုပ်ငန်း ဖိုရမ် – ၂၀၂၂ တွင် အာဆီယံ ခရီးသွားလုပ်ငန်း ဝန်ကြီးများက အတည်ပြုခဲ့ကြောင်း၊ ယခုအခါတွင် နောက်ဆက်တွဲ လုပ်ငန်းစဉ်များအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများအား ကျွမ်းကျင်မှု အဆင့်အလိုက် သတ်မှတ်စည်းမျဉ်းများ (Packaging Rules) နှင့် အလုပ်အကိုင်တစ်ခုချင်းစီအတွက် အရည်အချင်း သတ်မှတ်ချက်ဆိုင်ရာ လမ်းညွှန်ချက်များကို မွမ်းမံပြင်ဆင်ရန် လိုအပ်သောကြောင့် ပဏာမတွေ့ရှိချက်များအပေါ် ဆွေးနွေးနိုင်ရန် တတိယအကြိမ်အဖြစ် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မစ္စတီတစ်ခ် လက်စ်တာရီက အမှာစကား ပြောကြားပြီး ASEAN Common Competency Standards For Tourism Professionals – ACCSTP ကျွမ်းကျင်ပညာရှင်အဖွဲ့က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများအား ကျွမ်းကျင်မှုအဆင့်အလိုက် သတ်မှတ် စည်းမျဉ်းများ (Packaging Rules) အား ပြန်လည်သုံးသပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဖြစ်ပေါ် တိုးတက်မှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဟိုတယ်ဝန်ဆောင်မှု ကဏ္ဍအတွက် အလုပ်အကိုင် အမျိုးအစားများ၊ ဧည့်ကြိုဝန်ဆောင်မှု လုပ်ငန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေး လုပ်ငန်း၊ အစားအသောက် ထုတ်လုပ်ရေးလုပ်ငန်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှု လုပ်ငန်းများအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများအား ကျွမ်းကျင်မှုအဆင့်အလိုက် သတ်မှတ်စည်းမျဉ်းများ (Packaging Rules) ကို အပြီးသတ် ပြင်ဆင်မွမ်းမံမှုများအား အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ပါဝင် တက်ရောက်သူများက အပြန်အလှန်ဆွေးနွေးကြသည်။

**ပြင်ဆင်မွမ်းမံ**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကဏ္ဍအတွက် အလုပ်အကိုင်အမျိုးအစားများ၊ ခရီးသွားအေဂျင်စီများနှင့် ခရီးလှည့်လည်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အမျိုးအစားအလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများအား ကျွမ်းကျင်မှုအဆင့်အလိုက် သတ်မှတ်စည်းမျဉ်းများ (Packaging Rules) ကို ပြင်ဆင် မွမ်းမံနိုင်ရေးအတွက် ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ၊ အာဆီယံအဆင့်နှင့် နိုင်ငံအဆင့် သင်ကြားရေး၊ စစ်ဆေးအကဲဖြတ်ရေး ဆရာများ၊ သင်ကြားရေးဆရာများ၊ ဟိုတယ်များမှ ကိုယ်စားလှယ်များ၊ အာဆီယံ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

## စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ဘောလုံးပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းကို ရှစ်ဂိုး – ဂိုးမရှိဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို လေးဂိုး – သုံးဂိုးဖြင့် လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး – ဂိုးမရှိဖြင့် လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၁၁ ဂိုး – ၁ ဂိုးဖြင့် လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးအသင်းကို လေးဂိုး– သုံးဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိကြသည်။

**ယှဉ်ပြိုင်ကစား**

ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး။

# စိန်ရတုလွတ်လပ်ရေး ပန်းတိုင်ဆီသို့ ခရီးဆက်နိုင်ခဲ့ပြီ

ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

### အခြေအနေ (၁)

အရှေ့တောင်အာရှက မြန်မာနိုင်ငံဟာ မြေမျက်နှာသွင်ပြင် အမျိုးမျိုးရှိတဲ့အပြင် နေရောင်ခြည်ကိုလည်းမြင်၊ ပင်လယ်ကမ်းခြေနဲ့ ရေခဲတောင်လည်းရှိ မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေကလည်း ကျယ်ပြော၊ နုန်းတင်မြေနု သစ်တောတွေနဲ့ လမုတောကလည်းရှိ၊ သစ်ခွမျိုးစုံကအစ၊ ပန်းရနံ့တွေကလည်း မွှေးကြိုင်လှပသာယာလျက်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။

နိုင်ငံသားများဟာ အလွန်ရိုးသားဖြူစင်တဲ့ လယ်သမားတွေ၊ မြေဩဇာကောင်းတဲ့ လယ်မြေတွေ၊ နုန်းတင်မြေနု မြစ်ချောင်းအင်းအိုင်တွေကို မတိမ်ကောအောင်ကာကွယ်ရင်း ကြိုးကြိုးပမ်းပမ်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေရသူတွေများပါတယ်။ ကျောင်းကန်ဘုရား စေတီပုထိုးဆီသို့သွား၊ သီတင်းသီလဆောက်တည်၊ သီလသမာဓိ ပညာရအောင် ပုတီးစိပ်၊ သူတော်စင်တွေနေတဲ့ နိုင်ငံအဖြစ် ရပ်တည်တဲ့ နိုင်ငံဖြစ်တယ်။

ယဉ်ကျေးမှု အမွေအနှစ်တွေဟာလည်း အာရှရဲ့ ပုလဲရတနာလိုတစ်မျိုး၊ ရွှေရောင်တဝင်းဝင်းနဲ့ ဘုရားစေတီတွေကိုပဲ ကြည့်ကြည့်၊ မူးမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ ဟူးကောင်းချိုင့်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်းက လယ်ယာမြေတွေမှာ သီးမှည့်နေတဲ့ စပါးနှံတွေပဲကြည့်ကြည့် ကမ္ဘာမှာ ရွှေနိုင်ငံလို့ တစ်မျိုးအမည် ရနေပါတယ်။ အရှေ့တောင်အာရှမှာ နယ်မြေအကျယ်ဆုံး စိုက်ပျိုးနိုင်တဲ့မြေကေ သစ်တောနဲ့ ကျောက်သံပတ္တမြား သယံဇာတကြွယ်ဝလျက် ရှိနေပါတယ်။ ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧရိယာဟာလည်း ဧရာဝတီ၊ စစ်တောင်းနဲ့ ဒီမြစ်ကြီးတွေဆီသို့ စီးဝင်နေတဲ့ မြစ်ချောင်းတွေကို အကြောင်းပြု ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေကေဟာလည်း များစွာရှိနေပါတယ်။

မြန်မာတို့ဟာ ကမ္ဘာမှာညွှန့်ဝတ်ကျေ၊ ဖော်ရွေပြီး ယဉ်ကျေးသိမ်မွေ့တယ်။ စာပေကျမ်းဂန်တွေ တတ်ကျွမ်းမှုရှိကြတယ်။ ရက်ရောသူတွေ၊ စဉ်းစားဆင်ခြင်တတ်တဲ့သူတွေ၊ ကူညီရိုင်းပင်းသူတွေ၊ ရောင့်ရဲတင်းတိမ်သူတွေ၊ ကိုယ်ကျိုးစွန့်လွှတ်နိုင်သူတွေပဲလို့ နာမည်ရပါတယ်။ စေတီပုထိုးနဲ့ ဘုရားတန်ဆောင်းတို့ဟာ သမိုင်းခေတ်အဆက်ဆက်မှာ ဘာသာတရား၊ မေတ္တာတရားနဲ့အညီတင့်တယ်ခံ့ညားလျက်ရှိတယ်။

၁၉-၂၀ ရာစုအတွင်း နယ်ချဲ့ကိုလိုနီတွေကြောင့် မြန်မာ့ရေမြေ၊ ကိုယ့်ထီးကိုယ်နန်း ကိုယ်ကြငှန်း၊ ကိုယ့်ဘုရင်ကိုယ့်သခင်နဲ့ နေလာခဲ့တဲ့ လွတ်လပ်မှုဂုဏ်အရှိန်အဝါဟာ တဖြည်းဖြည်း မှေးမှိန်ခဲ့ရပါတယ်။ လူမှုစီးပွားရေး သမိုင်းကြောင်း ပြောင်းလဲသွားခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်း တစ်ရာကျော်ကြာ မြန်မာတို့ဟာ လွတ်လပ်ရေး ဆုံးရှုံးခဲ့ကာ သမိုင်းတစ်ကွေ့အဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။

"သမိုင်းကို သတိမရကြလျှင်၊ ဒုတိယယမ္ပ တစ်ကျော့ပြန်တတ်သည်၊ သမိုင်းဆိုသည်မှာ သတိရနေမှ" ဆိုတဲ့ စကားအရ ၁၉၃၂ ခုနှစ် အတိတ်ဆီသို့ ခရီးထွက်ခဲ့ပါတယ်။

၁၉၃၂ ခုနှစ် ဇွန်လထုတ် "ဂန္ဓလောက မဂ္ဂဇင်း" ခေါင်းကြီးပိုင်းမှာ -

**"တိုင်းပြည်တို့ မည်သည်တိုင်းပြည် အင်္ဂါနှင့် ပြည့်စုံကောင်း၏။ တိုင်းပြည်၏ အကြီးဆုံးအင်္ဂါသည် လုံးဝလွတ်လပ်ခြင်းမည်၏။ အကြင်တိုင်းပြည်သည် တစ်ထီးတစ်နန်း တစ်ကြငှန်းနှင့် မနေရသမျှ လွတ်လပ်ခြင်း မရှိ၊ တိုင်းပြည်ကြီးတို့၏ အင်္ဂါနှင့်ပြည့်စုံပေ၏ဟု မဆိုနိုင်။ သူတစ်ပါးလက်အောက်တွင် တစ်ပါးသူ၏ အုပ်စိုးခြင်းကို ခံနေရသမျှ အကြင်တိုင်းပြည်သည် တိုင်းပြည်မမည်။ လက်အောက်ခံတိုင်းပြည် တို့လူမျိုးကား ကျွန်လူမျိုး မျှသာတည်း။ အောက်တန်းကျလှချေ၏။"**

**"မြန်မာပြည်ကို မြန်မာတို့သာလျှင် စိတ်တိုင်းကျ အုပ်ချုပ်လို၏။ အိန္ဒိယတိုင်းပြည်၏ လွတ်လပ်ရေးလုပ်ငန်းသည် မည်မျှခက်ခဲတာရှည်ကြောင်း ယခုဖြစ်ပျက်နေသော အခြေအနေကြည့်ကကောင်းစွာသိနိုင်၏။ ထို့ကြောင့် မြန်မာလူမျိုးတိုင်း လွတ်လပ်ရေးကိစ္စသည် အခက်ခဲဆုံးကိစ္စ၊ အရေးကြီးဆုံးကိစ္စဟု တစ်ထစ်ချမှတ်ယူသင့်၏။ ထိုမဟာကိစ္စကြီးအတွက် နေ့တိုင်းအားလပ်သော အချိန်တို့၌ အကြံသစ် ဉာဏ်သစ်ပေါ်ရန် စိတ်ကူးအားထုတ်ခြင်းဖြင့်သာ အချိန်ကုန်သင့်၏။ မြန်မာလူမျိုးတို့သည် ညီအစ်ကိုချင်း ခွပ်ကြတုန်းပင် ရှိသေး၏။ ကျွန်ုပ်တို့သည်အကျိုးမဲ့ အချိန်ဖြုန်းခြင်းကိုရပ်စဲ၍ တို့တိုင်းပြည် တိုးတက်ရန်ကိုသာ အားထုတ်ဆောင်ရွက်ရန် များစွာလိုလားအပ်၏။"**

**"မြန်မာတို့သည် တို့တိုင်းပြည်၏ ဂုဏ်မှ မထောက်ဘဲ ယခုအခါတွင် သူတစ်ပါးအား ခိုလှုံအားကိုးလိုသော ဆန္ဒကိုပြ၏။ ယခုအခါကား ကျွန်ုပ်တို့သည် မည်သည့်လူမျိုးမှ ယုံကြည်အားထားကိုးစားရန် မဟုတ်။ ကိုယ့်ဒူးကိုယ်ချွန်၍ လွတ်လပ်ရေးပန်းတိုင်သို့ မရောက်မချင်း အလုပ်ပြင်း-လုပ်ကြရန် ဖြစ်၏။ မြန်မာပြည်၌သာ နဂိုကသေးငယ်လှသောနိုင်ငံကို အားနည်းသည်ထက် နည်းလေအောင် အစိတ်စိတ် အမြွှာမြွှာဖြစ်အောင် ဝိုင်းတော့မည်ကို လက်ပိုက်၍ကြည့်နေကြ၏။**

**ပဌမ အရေးအကြီးဆုံးအချက်မှာ မိမိကိုယ်မိမိ အဖိုးတန်သော တိုင်းရင်းသားတစ်ယောက်ဖြစ်အောင် မွေးမြူရမည်။ တရားတော်အတိုင်း ပညာနှင့်ဥစ္စာကို မိမိ အကျိုးတွက်သာမဟုတ် ကျွန်တွင်းကျနေသော တို့တိုင်းပြည်အကျိုးအတွက်ဟု ရည်သန်၍ ရှာဖွေစုဆောင်းကြရမည်။ ဝံသာနုရက္ခိတစမွေကို မပြတ်နှလုံးသွင်း၍ အဖိုးတန်သော မြန်မာများအဖြစ်ရောက်အောင် အားထုတ်ကြပါက နောင်ဥဒါန်းတွင်ရစ်အောင် လွတ်လပ်ရေးအလုပ်ကို ဆောင်ရွက်ကြပါကုန်။"**

**(၁၉၃၂ ခုနှစ် ဇွန်လထုတ် "ဂန္ဓလောကမဂ္ဂဇင်း" ခေါင်းကြီး)**

(၂၀) ရာစု စတင်တာထွက်ကတည်းက ရဲဘော်သုံးကျိပ်ဟာ ခရီးကြမ်းကို လျှောက်ခဲ့ကြရတယ်။ ထိုခေတ်၊ ထိုအချိန်က နိုင်ငံရေး လှုပ်ရှားမှုများဟာ တစ်နိုင်ငံလုံး တိုင်းရင်းသားအပေါင်း လွတ်လပ်ရေးအတွက် ကျောပိုးအိတ်ကိုလွယ်၊ နိုင်ငံနဲ့လူမျိုးလွတ်လပ်ဖို့၊ ကိုယ့်နိုင်ငံကို ကိုယ်တိုင်ကာကွယ်ဖို့ အသက်သွေးချွေးနဲ့အချိန်တွေ ပေးခဲ့ကြရတယ်။ တစ်မျိုးသားလုံး ကောင်းစားရေးသို့ ရှေးရှုခဲ့ကြောင်း (၂၁) ရာစု လူငယ်တွေက နမူနာယူကြရလိမ့်မယ်။

### အခြေအနေ (၂)

အောင်ဆန်း - အက်တလီစာချုပ်မှာ အထူးညီလာခံကျင်းပပြီး တိုင်းရင်းသားတွေရဲ့ ဆန္ဒကိုရယူရမည်ဟု ဖော်ပြထားတယ်။

**Aung San–Atlee Agreement** (27 January 1947)

His Majesty's Government and the Delegation of the Burma Executive Council having discussed all the matters affecting the future relations between Great Britain and Burma which were raised by the Delegation have reached the following agreed conclusions as to the methods by which the people of Burma may achieve their independence, either within or without the Commonwealth, as soon as possible: --


**1. The Constituent Assembly**

In order that the people of Burma may decide on the future constitution of their country as soon as possible a Constituent Assembly shall be elected instead of a Legislature under the Act of 1935. For this purpose, the electoral machinery of the 1935 Act will be used.

Elections will take place in April for the general non-communal, the Karen, and the Anglo-Burman constituencies as constituted under the Act of 1935, and for each constituency two members shall be returned. Any Burma nationals (as defined in Annex A) registered in a general constituency other than one of those mentioned above shall be placed on the register of a general non-communal constituency.

**2. Transitional Form of Government**

During the period of transition, the Government of Burma will be carried on as at present under the special powers of Section 139 of the Act of 1935 and the Temporary Provisions Act of 1945 together with any Orders in Council made there under. If any exception circumstances arise which, in the opinion of either Government require special treatment, His Majesty's Government will consider what, if any, alteration can be made to meet such circumstances. (This is part of the Agreement described here by the Author)




**❍ နှစ်ဆယ်ရာစု မြန်မာနိုင်ငံသမိုင်းကိုကြည့်ရင် ရုံဖန်ရုံခါဆိုသလို ပြည်ထောင်စုကြီး ပြိုကွဲရေးကို တွန်းပို့တဲ့ ခြိမ်းခြောက်မှုတွေ ကြုံခဲ့ပါတယ်။ နှစ်ဆယ်ရာစု နှောင်းပိုင်းအထိပါပဲ။ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းကြောင်းပေါ်သို့ မရောက်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ထင်သလောက် ခရီးမပေါက်၊ တိုင်းပြည်ဟာ အထနှေးခဲ့ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ သံသရာတစ်ကွေ့မှာ အခုလို ဆုံတွေ့ရတဲ့ဘဝ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်း နေလိုတဲ့ဆန္ဒ၊ အမျိုးသားအကျိုးစီးပွားရှေးရှုတဲ့ ဝိသေသ၊ နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါနဲ့ နေနိုင်တဲ့ အခြေအနေကို ချစ်မြတ်နိုးကြရပါမယ်**

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

ဒါ့ကြောင့် ဖ-ဆ-ပ-လ အဖွဲ့ချုပ်ခေါင်းဆောင်တွေဟာ သွေးချင်းတို့နဲ့အတူ လွတ်လပ်ရေးရယူဖို့ ကြိုးပမ်းခဲ့ရတယ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာ အားလုံးသိပြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ကချင်၊ ချင်း၊ ရှမ်းစတဲ့ တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့ဟာ တစည်းတလုံးတည်း နေထိုင်ကြတော့မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ဖေဖော်ဝါရီ ၁၂ ရက်မှာ လက်မှတ်ရေးထိုးခဲ့ရာ ပင်လုံညီလာခံဟာ မြေပြန့်သားတို့နဲ့ တောင်တန်းသားတို့ရဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့တဲ့ ထင်ရှားတဲ့ မှတ်တိုင်ကြီးတစ်ခု ဖြစ်ပါတယ်။

**Nu–Atlee Act (17 October 1947)**

After years of being a colony, on 17 October 1947, Prime Ministers, U Nu of Burma and Clement Atlee of the UK signed a treaty formally for the recognizing the independence of the Union of Burma, "Treaty between the Government of the United Kingdom and the Provisional Government of Burma, Burma Independence Act", known as the Nu–Atlee Agreement within the UN Charter on the principle of decol–onization. In Article 1, the Govern–ment of the UK recognizes the Republic of the Union of Burma as a fully Independent Sovereign State.

The Constitution for this sove–reign Independent Republic was completed on 24 September 1947 by the constituent Assembly. Follo–wing approval of the Constitution by the British parliament and sign–ing of defense agreement, Burma became free on 4 January 1948.

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ မြန်မာနိုင်ငံဟာ လုံးဝလွတ်လပ်တဲ့နိုင်ငံဖြစ်လာခဲ့ပါတယ်။ ရှေ့ကို ဘာတွေများ လုပ်ကြဦးမလဲဆိုတဲ့ ပြဿနာက အလိုလိုထွက်ပေါ်လာပါတယ်။ လွတ်လပ်ရေးပြန်လည်ရရှိအောင်၊ ဆောင်ကြဉ်းပေးခဲ့တဲ့ မကြာသေးမီက အဘိုးအဘွားတွေအသက်၊ သွေး၊ ချွေးပေးခဲ့ကြသူတွေကို အောက်မေ့ကြ၊ ကျေးဇူးတရားကို သိကြရလိမ့်မယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည့်တံ့ခိုင်မြဲရေး အရေးသုံးပါးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန် ဖြစ်ပါတယ်။ မမေ့မလျော့သတိမူကြရမှာဖြစ်ပါတယ်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့ မသေဒို့ပြည် ဒို့မြေများလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်ဒို့ပြည်ဒို့မြေ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ"

### အခြေအနေ (၃)

လွတ်လပ်ရေးဟာ အလွန်တရာနူးညံ့တဲ့ သဘော၊ လွတ်လပ်ရေးရရင် အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့်ရနိုင်တယ်ဆိုတဲ့ စကားကမှန်ပါတယ်။ ဒါပေမယ့် တကယ့်လွတ်လပ်ရေးကို ရရှိပြီး ထိုလွတ်လပ်ရေးအတိုင်း ကျင့်ကြံအားထုတ်မှ အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့်ရနိုင်လိမ့်မယ်။ ၁၉၅၁ နဲ့ ၁၉၅၅ ခုနှစ်တို့မှာ ဖဆပလ အစိုးရအသီးသီးက အုပ်ချုပ်ခဲ့တယ်။



ဝန်ကြီးချုပ် သခင်နု မန္တလေးမြို့သို့ ရောက်စဉ်အခါက မန္တလေးမြို့ရှိ လူကြီးလူကောင်းများက ဤကဲ့သို့ ကြိုဆိုကြပုံ။ (ဟံသာဝတီသတင်းစာပါ ဓာတ်ပုံ-ပုံစာ)

**"ဖဆပလအဖွဲ့ချုပ်ကြီးသည် အစွန့်ရှည်စွာ တည်မြဲအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖ-ဆ-ပ-လ တည်မြဲရန်မှာလည်း အလွန်ပင်အရေးကြီးကြောင်း၊ နိုင်ငံတော် ပြန်လည်ထူထောင်ရေးတွင် ဖ-ဆ-ပ-လ က ပိုမိုအားပေးမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများပါ တက်ရောက်ဆောင်ရွက်သည့် ကိစ္စ အောင်မြင်သည့်အခါ ကချင်များ မနေ့ပွဲပြုလုပ်မြဲဖြစ်သည်ဆိုခြင်း"။** (ဟံသာဝတီသတင်းစာ)

**"ဝန်ကြီးချုပ် သခင်နုသည် ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် မန္တလေးမြို့ဝင်းလိုက်ရုပ်ရှင်ရုံ၌ ကျင်းပသော နိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာမေးပွဲအောင် ဆုနှင်းသဘင်အခမ်းအနားသို့ ကြွရောက်ပြီးသည့်ပြင် ထိုနေ့ညနေဘက်တွင် နန်းတော်မြို့ရိုးကြီးအတွင်း လေးပြင်လေးရပ်၌ အင်တိုက်အားတိုက် တက်ရောက်ကြသော အလွန်များပြားစည်ကားလှသည့် လူထုတရားပွဲကြီးကို တက်ရောက်ခဲ့လေသည်။"**

**"ဒီဇင်ဘာ ၂၉ ရက် နေ့လယ်အချိန် စစ်ကိုင်းမြို့၌ ကျင်းပသော လူထုတရားပွဲကြီးကိုလည်း ကြွရောက်ခဲ့လေသည်။ ထိုမှတစ်ဖန် မန္တလေးတောင်နှင့် မဟာမြတ်မုနိဘုရားကြီး၊ စစ်ကိုင်းတောင် စေတီတော်မှစ၍ စေတီတော် ရုပ်ပွားတော်များ၊ ဦးပိန်တံတားကြီးကိုဖြတ်၊ ပုဂံမင်းတည်ထားခဲ့သော ကျောက်တော်ကြီးဘုရားသို့ ရောက်ရှိပူဇော် ဖူးမြော်ခဲ့လေသည်။ ဝန်ကြီးချုပ် သခင်နုသည် သက်တော်ကြီးရင့်၍ သီလဝန္တ ဖြစ်တော်မူသော မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အမရပူရစံကျောင်း ဆရာတော်ဘုရားကြီးမှစ၍ အခြားဆရာတော်များကိုပါ ဝင်ရောက်ဖူးမြော်ခဲ့လေသည်။ ထို့နောက် တောင်မြို့အာဇာနည်ကုန်းသို့ ဝင်ရောက်၍ ပန်းခွေများချကာ ကျဆုံးသော အာဇာနည်များအား အလေးပြုခဲ့လေသည်။"**

**"ဝန်ကြီးချုပ်နှင့်အတူ လိုက်ပါလာသော ဗိုလ်မှူးအောင်၊ ဦးဗဆွေတို့ကလည်း မန္တလေး၊ စစ်ကိုင်းမြို့များတွင် ကျင်းပသော လူထုတရားပွဲများ၌လည်း အသီးသီး ဟောပြောကြလေသည်။ ထို့ပြင် ဒီဇင်ဘာ ၂၈ ရက် နံနက် မန္တလေးမြို့ ကျုံးထောင့်တွင် ကျင်းပသော တပ်မတော်နေ့ အထိမ်းအမှတ်ပွဲသို့ သွားရောက်၍ ရဲဘော်- ရဲမေများအား တရားဟောပြောခဲ့သေးကြောင်း။"** (ဟံသာဝတီ သတင်းစာ)

လွတ်လပ်တဲ့နိုင်ငံမှာ အခွင့်အရေးကို သာတူညီမျှရရှိစေရတယ်။ တစ်ဦးဦးက မိမိရသင့်တဲ့ အခွင့်အရေးထက် ပိုမို ရရှိလိုတာကြောင့် ပိုမိုရရှိအောင် ကြိုးစားတာနဲ့ တစ်ပြိုင်နက် သူတစ်ပါးရဲ့ အခွင့်အရေးကို ကျူးကျော်စော်ကားပြီးဖြစ်လိမ့်မယ်။

### အခြေအနေ (၄)

"အများသော လူထုသည် ထင်ရာလုပ်နိုင်ခြင်းကို လွတ်လပ်ခြင်းဟူ၍ ထင်မှားနေသမျှ ကာလပတ်လုံး မည်သူမျှ လွတ်လပ်ခြင်းမရှိဘဲ လွတ်လပ်ခြင်း၏ အရသာကို ခံစားကြရမည် မဟုတ်ပေ။ သို့အတွက် ဤနေ့ဤရက်တွင် အဓိက ဖြစ်သော မေးခွန်းနှစ်ခုကို မေးသင့်ကြသည်။ ထိုမေးခွန်းနှစ်ခုကား –

(၁) ငါတို့သည် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသလား။

(၂) ငါတို့သည် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသည့်အတိုင်း၊ လွတ်လပ်သော လူမျိုး၏ ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်နေသလား" – ဟူသော မေးခွန်းများ ဖြစ်ပေသည်။

**"လွတ်လပ်ရေး၏ သဘောကို မှန်ကန်စွာသိရှိ၍ ထိုသဘောအတိုင်း ပေါင်းသင်းဆက်ဆံ နေထိုင်ခြင်းကို မပြုသမျှကာလပတ်လုံး၊ အခြေအနေသည် တိုးတက်လိမ့်မည်မဟုတ်။ လွတ်လပ်ရေးကို အရယူရန် ကြိုးစားကြစဉ်က စည်ပင်သာယာချမ်းစွာနှင့် သာတူညီမျှစနစ်အရ နေထိုင်နိုင်ရန် ကြိုးစားခြင်းဖြစ်လေသည်။ ခေါင်းဆောင်တို့သည် ဤသဘောကို ဟောကြပြောကြ၏။ သို့ရာတွင် ထိုသဘောသည် အများသော လူထုအစိတ်အပိုင်း၏ ခေါင်းထဲသို့၊ နှလုံးထဲသို့ ဝင်ဟန်မရှိသေးချေ။"** (ဟံသာဝတီ သတင်းစာ)

"နိုင်ငံခြားမှ အထည်ဝယ်ယူရန် အစိုးရထံမှ လိုင်စင်ယူရသည်ဟု ရမယ်ရှာကာ အထည်ကုန်သည်တွေက အထည်အလိပ်တွေကို မတန်တဆ ဈေးတင်ရောင်းလျက်ရှိကြ၏။ လူထုကလည်း ကုန်သည်ခြောက်တိုင်းနားယောင်ပြီး အထည်အလိပ်များကို ငမ်းငမ်းတက် ဝယ်ယူလျက်ရှိကြ၏။"

**"ကျွန်တော်တို့ သတိမူရမှာက ဝါဒပြင်းပြ၊ တစ်ဖက်သတ်အမြင်၊ ခွဲခြားဆက်ဆံတဲ့ အမြင်တွေကို ဖယ်ရှားရပါမယ်။ ရှေးရိုးခွဲခြားဆက်ဆံမှုရဲ့ အန္တရာယ်ဟာ ကြာရှည်လာတာနဲ့အမျှ ဆင်းရဲမွဲတေမှု၊ စိတ်မချမ်းမြေ့ဖွယ် စိတ်ဒုက္ခတွေ တွေ့ကြပါလိမ့်မယ်။ အချို့ဆီမီနာ၊ ဟောပြောပွဲတွေဟာ အိုင်တီ၊ နာနိုတက်၊ ဂျီနုန်းတို့ကို ဦးတည်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ သိပ္ပံနဲ့ နည်းပညာဟာ မြန်မာလူငယ်တို့အပေါ် ရိုက်ခတ်နေလိမ့်မယ်။ လူကြီးများပါမကျန် အသိပညာ၊ အတတ်ပညာနဲ့ နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြရာမှာ တစ်သက်တာသင်ယူမှု (Lifelong Learning) ဖြင့် အားထုတ်ကြရပါလိမ့်မယ်။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ သိပ္ပံနဲ့ နည်းပညာတိုးတက်မှု ကြီးပွားချမ်းသာမှုသမိုင်းတို့ကို နားလည်အောင် ဖတ်ကြ၊ ကိုယ့်နိုင်ငံနဲ့ ယှဉ်ပြီးတော့လည်း သိအောင်လေ့လာကြရမယ်"**

"ပစ္စည်းများကို လက်ထဲမှာ ငွေရှိသလို မဝယ်ပါနှင့်။ မဖြုန်းတီးပါနှင့်။ အထည်ကုန်သည်များက ခြောက်လှန့်ကာ ဈေးပိုမိုရောင်းတိုင်း လူထုကမဝယ်ကြပါနှင့်။"

လွတ်လပ်ရေးအတွက်၊ လွတ်လပ်ရေးနဲ့အတူ ကြီးပြင်းလာကြတဲ့ ပြည်တွင်းနိုင်ငံရေး အင်အားစု ရဲဘော်ရဲဘက်တွေဟာ ဝါဒအယူအဆကို အကြောင်းပြုလေသလား၊ အာဏာကို မက်မောတာလား၊ ဖဆပလအဖွဲ့သည် စိတ်ဝမ်းတွေကွဲ၊ သွေးကွဲ တစ်တပ်တစ်ဗိုလ် ဖြစ်သွားခဲ့တယ်။

"ရဲဘော်တွေ ဘယ်လမ်းကို လိုက်ကြမည်နည်း၊ ဖဆပလက နယ်ဆင်းပြီး သန့်ရှင်းရေး လုပ်ကြဦးမည်၊ လွတ်လပ်ရေး ရပြီးသည့်နောက် နိုင်ငံရေးသမားများ 'ရောင်တတ' ဖြစ်နေသည်ဆိုခြင်း၊ ယခုလောလောဆယ်အချိန်တွင် မြန်မာနိုင်ငံတော် ပြန်လည်ထူထောင်ရန် အလွန်ပင်လိုလားနေပါပြီ။ စေတနာ့ဝန်ထမ်းလုပ်ငန်းများ များနိုင်သလောက် များအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။" (နိုင်ငံရေးသတင်းထောက်ရေးသည်) (ဟံသာဝတီ သတင်းစာ) ။

ဖဆပလခေတ်တွင် နိုင်ငံရေးတည်ငြိမ်မှု ကင်းမဲ့ခဲ့ရသည်။ တိုးတက်မှုလမ်းကြောင်းမှချော်ခဲ့ရသည်။ တရုတ်ဖြူကူမင်တန် (KMT = Kuomintang) တို့၏ ကျူးကျော်မှုကလည်း တစ်မှောင့်ဖြစ်ခဲ့သည်။ ကျူးကျော်မှုကို ဆန့်ကျင်ရှုတ်ချ၊ ဗမာ့တပ်မတော်ကလည်း ကူမင်တန်တို့အား တိုက်ထုတ်တာကြောင့် ၁၉၅၃ ခုနှစ် စက်တင်ဘာလမှစ၍ မြန်မာနိုင်ငံရှိ တရုတ်ဖြူများ ရုပ်သိမ်းပေးခဲ့ရတယ်။ လွတ်လပ်ရေးရပြီးလို့ ခြောက်နှစ်အကြာ ၁၉၅၄ ခုနှစ်မှာ ဖွံ့ဖြိုးမှုအလားအလာ အကောင်းဆုံးနိုင်ငံဟာ မြန်မာနိုင်ငံလို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့ပါတယ်။

### အခြေအနေ (၅)

လွတ်လပ်ရေးရပြီး ဆယ်နှစ်ကြာတဲ့အခါ ဖဆပလ အဖွဲ့ရဲ့ တတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ စည်းဝေးပွဲမှာ သဘောကွဲလွဲမှုပိုပြီး ထင်ရှားခဲ့တယ်။ နုတင် သန့်ရှင်းဖဆပလ၊ ဆွေငြိမ်းတည်မြဲဖဆပလ အုပ်စုနှစ်ခုဟာ အစိုးရအဖွဲ့ကို ကြိုးကိုင်နိုင်ဖို့ နှစ်ဖက်စလုံး ကြိုးစားခဲ့တဲ့ ပုံရိပ်ရှိခဲ့တယ်။ ဖဆပလ အုပ်စုနှစ်စု ကွဲသွားခြင်းက ပြည်သူလူထုအတွင်း စိတ်ဝမ်းကွဲမှု သက်ရောက်ခဲ့ရာ နိုင်ငံအတွက် ဒဏ်ရာကျန်ခဲ့တယ်။ တစ်ဖက်ကကြည့်ရင် သန့်ရှင်းဖဆပလ အစိုးရရဲ့ လိုက်လျောမှုကြောင့် ပြည်သူ့ရဲဘော်ဟောင်းများ အလင်းသို့ ရောက်ခဲ့ကြတယ်။ ကွန်မြူနစ်အချို့ ၁၉၅၈ ခုနှစ် ဩဂုတ် ၁၅ ရက်မှာ အလင်းဝင်ခဲ့ကြတယ်။ တောတွင်းမှာ ကျန်ရှိနေတဲ့ ကွန်မြူနစ်များကလည်း အစိုးရနဲ့ စေ့စပ်ဆွေးနွေးဖို့ ကြိုးစားလာကြတယ်။ အရှုံးထဲက အမြတ် ပေါ်လာခြင်းတစ်ခုလို့ ပြောနိုင်တယ်။

ပြည်သူတစ်ရပ်လုံးဟာ တစ်ဦးချင်းတစ်ယောက်ချင်းမှသည် အဖွဲ့အစည်းတိုင်းဟာ ကျွန်တော်တို့ရဲ့ အချိန်တွေ၊ စွမ်းအားတွေနဲ့ နိုင်ငံရဲ့ သယံဇာတကြွယ်ဝမှုတို့ကို မိတ်ဆွေဖြစ်ဖို့ တာစူကြရလိမ့်မယ်။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

နိုင်ငံဟာ ကြီးသည်ငယ်သည်မဟုတ် အသီးသီးတစ်ဦးတည်း တစ်နိုင်ငံတည်းရပ်တည်ရန်လည်း မည်သို့မျှမဖြစ်နိုင်၊ သက်ရှိတို့ ပေါ်ပေါက်ကြီးပြင်းမှုသီအိုရီ (Theory of Evolution) အရ အတူတကွ သဟဇာတဖြစ်စေဖို့ မြော်မြင်တွေးခေါ်မှုနဲ့နေကြမှ ဘဝဟာ ရှင်သန်ပါလိမ့်မယ်။

**“နိုင်ငံရေး ပါတီများအနေဖြင့် အများနှင့်ဆိုင်သော အကောင်းဆုံးစံများကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားသင့်ကြသည်။ အမျိုးသား ကောင်းစားရေးအတွက် ပြင်းပြသောစိတ်ဖြင့် ဆောင်ရွက်လျှင် နှစ်အနည်းငယ်အတွင်း အောင်မြင်နိုင်ကြောင်း ဂျပန်က လက်တွေ့ပြခဲ့ပြီ။ အမျိုးသားစည်းလုံး ညီညွတ်မှုကို အိပ်မက်မဖြစ်ပါစေနှင့်”** ဆိုတဲ့အကြောင်း “ဂန္ထလောက” မဂ္ဂဇင်းဆောင်းပါးပါ ဦးသန့်ရဲ့ ထောက်ပြချက်ကို “မောင်ရွှေခေတ်ရေး ‘ဦးသန့်၏အတွေ့အကြုံများ’” စာအုပ်မှာ ဖတ်ရှုရပါတယ်။

လွတ်လပ်ရေးမရမီ ကာလမှာ ဗြိတိသျှ၊ အိန္ဒိယ၊သီရိလင်္ကာနိုင်ငံတို့မှာ ဆိုရှယ်လစ် စနစ်ကျင့်သုံးတဲ့ ကိစ္စဟာ ရေပန်းစားလေတော့ မြန်မာဟာလည်း ပြောဖွယ်ရာမရှိပြီ။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မြန်မာ့ဆိုရှယ်လစ်ခေတ်ဖြစ်ခဲ့တယ်။ စီမံအုပ်ချုပ်ရေးက ချည့်နဲ့၊ ဘေးပယောဂတွေပူး၊ အထင်အမြင်တွေ တိမ်းစောင်း စီးပွားရေး ထင်သလောက်မဖွံ့ဖြိုး ခရီးမပေါက်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ ကောင်းမွေတွေကို ယူတတ်ဖို့နဲ့ မကောင်းတာတွေ ပယ်တတ်တဲ့ အရည်အချင်းနဲ့ ဉာဏ်အမြော်အမြင်တွေ ရှိကြရပါလိမ့်မယ်။ ဈေးကွက်စီးပွားရေး ထူထောင်ရာမှာ တကယ်လိုအပ်ချက်က စီမံကိန်းတွေ ခိုင်ခိုင်ခံ့ခံ့ရေးဆွဲ အကောင်ဖော်နိုင်ဖို့ အဓိပ္ပာယ်ရှိရှိ အင်အားစုစည်းဖို့ပဲ ဖြစ်ပါတယ်။ စီးပွားရေး အောင်မြင်လာတာနဲ့ အမျှ အလယ်အလတ် လူတန်းစားတွေဟာ စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံနဲ့ နည်းပညာနဲ့ ဥပဒေပိုင်းဆိုင်ရာတွေမှာ မြင့်မားလာမယ်။

### အခြေအနေ (၆)

**နှစ်ဆယ်ရာစု မြန်မာနိုင်ငံသမိုင်းကို ကြည့်ရင် ရုံဖန်ရံခါဆိုသလို ပြည်ထောင်စုကြီး ပြိုကွဲရေးကို တွန်းပို့တဲ့ ခြိမ်းခြောက်မှုတွေ ကြုံခဲ့ပါတယ်။ နှစ်ဆယ်ရာစု နှောင်းပိုင်းအထိပါပဲ။ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းကြောင်းပေါ်သို့ မရောက်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ထင်သလောက်ခရီးမပေါက်၊ တိုင်းပြည်ဟာ အထနှေးခဲ့ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ သံသရာတစ်ကွေ့မှာ အခုလို ဆုံတွေ့ရတဲ့ဘဝ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်း နေလိုတဲ့ဆန္ဒ၊ အမျိုးသားအကျိုးစီးပွား ရေးရှုတဲ့ ဝိသေသ၊ နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါနဲ့ နေနိုင်တဲ့ အခြေအနေကို ချစ်မြတ်နိုးကြရပါမယ်။**

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတွေထားခြင်းဖြင့် မိမိတစ်ဦးတည်းလည်း ငြိမ်းချမ်း၊ တစ်တိုင်းပြည်လုံးလည်း အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်မှုတွေ အသီးသီးရကြမှာ ဖြစ်ပါတယ်။ နိုင်ငံမတည်ငြိမ်ရင် စီးပွားရေး မဖွံ့ဖြိုးနိုင်ဘူးဆိုတာ အားလုံးအသိ၊စီးပွားရေးကျဆင်းလေလေ ဆင်းရဲမွဲတေမှုနဲ့ ကြုံရမှာ ဖြစ်ပါတယ်။ ဆင်းရဲမွဲတေလေ နိုင်ငံမတည်ငြိမ်လေ စီးပွားရေး မဖွံ့ဖြိုး၊ ဆင်းရဲမွဲလေလေပဲ။ ဒီပြဿနာတွေကို ဖြေရှင်းရာမှာ တင်းမာမှုနဲ့ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဝင်မှုတွေဟာ ပို၍ဆိုးဖွယ်ရာပဲ ဖြစ်ပါလိမ့်မယ်။ တိုင်းရင်းသား ညီအစ်ကိုတွေနဲ့ စည်းလုံး ညီညွတ်ရေး၊ ပညာရည်မြင့်မားရေးတို့ဟာ တကယ့်ကို ဦးတည်ရမယ့် အမျိုးသားရေးကိစ္စ၊ လွတ်လပ်ရေးရဲ့ အနှစ်သာရမို့ သဟဇာတဖြစ်တဲ့ စီမံအုပ်ချုပ်မှုကို ရှေးရှုနေတာတွေ့မြင်ရပါတယ်။

“ပြည်တွင်းမငြိမ်မသက် အငြင်းပွားမှုတွေနဲ့ ဝရုန်းသုဉ်းကား (Turmoil) မှုများနဲ့ ဆက်လက်ပြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေဦးမှာဖြစ်ပါတယ်။ ဒါတွေဟာ ထွေးလားယှက်ငင်ဖြစ်နိုင်ကြောင်း၊ လူမျိုးရေးမုန်းတီးမှု၊ သွေးထွက်သံယိုဖြစ်မှုတွေဟာ အရှေ့ဘက်ပိုင်းနဲ့ ပါလက်စတိုင်း လူမျိုးတွေအပေါ်မှာ ကြီးထွားနေတာကြောင့် ဘဝအတွက် အဓိက လိုအပ်ချက်တွေ မရရှာဘဲ တရားဝင်ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေလည်း ဆုံးရှုံးနေကြပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဟာ ဒီပြဿနာတွေအပေါ် အမြင်ရှင်းရှင်းနဲ့ ရပ်တည်သင့်ပါတယ်” လို့ ဝန် (Wang Guangya) က မှတ်ချက်ပြုပါတယ်။

“ကိုလိုနီနယ်ချဲ့ခြင်း၊ ကျွန်အရောင်းအဝယ်နဲ့ ဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားခြင်း၊ ကိုယ့်အမြင်သာ အမှန်လို့ထင်ခြင်းတို့ဟာ လူမျိုးရေးဝါဒခွဲခြားမှုကို ဖြစ်စေတဲ့ စရိုက်လက္ခဏာ အကြောင်းတရားတွေပဲဖြစ်ပါတယ်။ ဒါတွေကြောင့် အာရှတိုက်၊ အာဖရိကနဲ့ လက်တင်အမေရိကတို့ဟာ စိတ်မချမ်းမြေ့ဖွယ်၊ စိတ်ဒုက္ခတွေ ရောက်ကြရပါတယ်။ ကုလသမဂ္ဂ တည်ထောင်တဲ့ အချိန်ကစကာ နှစ်ပေါင်း ၃၀ အတွင်း လူမျိုးရေးခွဲခြား ဖယ်ရှားဆက်ဆံခြင်း တစ်ဖက်သတ်ဘက်လိုက်၊ လူမျိုးရေးဝါဒ ပြင်းပြခြင်းတို့ကို ရင်ဆိုင်တွေ့ဆုံမှုကို ကျင့်သုံးခဲ့ကြောင်း၊” တရုတ်နိုင်ငံခြားရေးရာ ဒုတိယဝန်ကြီး (Wang Guangya) က ပြောကြားခဲ့ပါတယ်။ (Time 4 September, 2001)

**“၂၁ ရာစုသည် ပြောင်းလဲနေသောရာစု၊ ဆယ်နှစ်အတွင်း များစွာသော အပြောင်းအလဲများသည် ကမ္ဘာ့နေရာဒေသ အများအပြားတွင် ယခင်နှစ်တစ်ရာအတွင်း ဖြစ်ခဲ့သည်တို့ထက် ပိုဖွယ်ရာရှိလိမ့်မယ်။ ဒီလို ပြောင်းလဲလာနိုင်ခြေရှိသည်တို့အတွက် များစွာသော နိုင်ငံတို့သည် အဆင့်သင့်ဖြစ်နိုင်ကြမည် မဟုတ်”** ဟူ၍၊ ၂၀၀၅ ခုနှစ် ဇူလိုင်လထုတ် Newsweek မဂ္ဂဇင်းတွင် အယ်ဒီတာက ရေးသားတာကို ဖတ်ရှုရပါတယ်။

**“လူ့လောကသမိုင်းမှာ ကြုံတွေ့နေရတဲ့ ရှုပ်ထွေးလှတဲ့ ပြဿနာတွေဟာ ခိုင်မြဲတဲ့ အမြစ်ကဲ့သို့ ဖြစ်နေတတ်ပါတယ်။ ဒါတွေကို ဉာဏ်နဲ့ယှဉ်၊ သတိကြီးစွာရှုမြင်၊ ခွဲခြားစိတ်ဖြာ စူးစမ်းရာမှာ နက်နက်ရှိုင်းရှိုင်းဖြစ်ဖို့ လိုပါတယ်။ ပြေလည်ရာပြေလည်ကြောင်း အဖြေရှာရာမှာ ပြဿနာရဲ့ မူလဇာစ်မြစ် အကြောင်းရင်းများမှ စကြရလိမ့်မယ်”** လို့ စင်ကာပူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူက မှတ်ချက်ချခဲ့ပါတယ်။ (Readers’ Digest, October, 2001 )

နိုင်ငံတစ်နိုင်ငံရဲ့ ရှေ့ခရီးကို ဘယ်သို့ဘယ်ပုံ ဘယ်နည်းနဲ့ ဆက်သွားမယ်ဆိုတာ သိချင်ရင် “နိုင်ငံရဲ့ အနာဂတ်” ခေါင်းစဉ်နဲ့ ကျင်းပတဲ့ ဆီမီနာတွေ၊ ဟောပြောပွဲတွေ တက်ကြည့်ပါလို့ ဆိုပါတယ်။ အများအားဖြင့် အတိတ်သမိုင်း၊ စစ်မြေပြင်အကြောင်း၊ ပထဝီနိုင်ငံရေးနဲ့ပြည်တွင်းနိုင်ငံရေးတွေကို အာရုံထားနေတာ တွေ့ရပါတယ်။ စကားရည်လုပွဲ၊ ဒီဘိတ်တွေနဲ့ အချိန်တွေ ကုန်နေကြတယ်။ ဒီအကြောင်းတွေကို သဲကြီးမဲကြီး လက်ခုပ်ဖြောင်းဖြောင်းတီး နားထောင်ဆွေးနွေးကြရင်း အချိန်တွေ အဟောသိကံ ဖြစ်တာတွေ့ရပါတယ်။

**ကျွန်တော်တို့ သတိမူရမှာက ဝါဒပြင်းပြ၊ တစ်ဖက်သတ်အမြင်၊ ခွဲခြားဆက်ဆံတဲ့ အမြင်တွေကို ဖယ်ရှားရပါမယ်။ ရှေးရိုးခွဲခြား ဆက်ဆံမှုရဲ့ အန္တရာယ်ဟာ ကြာရှည်လာတာနဲ့အမျှ ဆင်းရဲမွဲတေမှု၊ စိတ်မချမ်းမြေ့ဖွယ် စိတ်ဒုက္ခတွေ တွေ့ကြပါလိမ့်မယ်။ အချို့ဆီမီနာ၊ ဟောပြောပွဲတွေဟာ အိုင်တီ၊ နာနိုတက်၊ ဂျီနုန်းတို့ကို ဦးတည်ပါတယ်။ အိမ်နီးနားချင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ သိပ္ပံနဲ့ နည်းပညာဟာ မြန်မာလူငယ်တို့အပေါ် ရိုက်ခတ်နေလိမ့်မယ်။ လူကြီးများပါမကျန် အသိပညာ၊ အတတ်ပညာနဲ့ နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြရာမှာ တစ်သက်တာ သင်ယူမှု (Lifelong Learning) ဖြင့် အားထုတ်ကြရပါလိမ့်မယ်။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ သိပ္ပံနဲ့ နည်းပညာ တိုးတက်မှု ကြီးပွားချမ်းသာမှု သမိုင်းတို့ကို နားလည်အောင်ဖတ်ကြ၊ ကိုယ့်နိုင်ငံနဲ့ ယှဉ်ပြီးတော့လည်း သိအောင်လေ့လာကြရမယ်။**

### နိဂုံးချုပ်ရရင်ဖြင့်–

၂၀၀၀ ပြည့်နှစ်များမှာ ပညာတတ်သည်ထက် တတ်လာတာ၊ အမျိုးသားရေးစရိုက် လက္ခဏာတွေ တည့်မတ်လာတာ တွေ့ရပါတယ်။ ပညာရေးလက်လှမ်းမီအောင် လူရှိတဲ့နေရာမှာ ကျောင်းဆောက်၊ အရည်အချင်း မြင့်သထက်မြင့်အောင်၊ ကျွမ်းကျင်မှု အရည်အသွေး မြင့်သည်ထက်မြင့်အောင်၊ တက္ကသိုလ်၊ ကောလိပ်တွေ တည်ထောင်ခဲ့တာ အမျိုးသား လူ့စွမ်းအားအရင်းအမြစ်မွေးထုတ် ဆောင်ကြဉ်းပေးခြင်းပဲဖြစ်တယ်။ တောင်ပေါ် မြေပြန့်တိုင်းရင်းသား လုပ်ငန်းရှင်တွေ ပေါ်ပေါက်နိုင်အောင်၊ ညီအစ်ကိုအချင်းချင်း တွေ့နိုင်၊ သွားနိုင်လာနိုင်အောင် အနှစ်နှစ်အလလက ကြံစည်စိတ်ကူးခဲ့တဲ့ အဝေးပြေးလမ်းမကြီးနဲ့ နေပြည်တော်ကို တွေ့မြင်နေရပါပြီ။

Naypyitaw State Academy ကိုလည်း တွေ့မြင်နေရပြီဖြစ်ပါတယ်။ ပြည်သူတို့ ဘဝသစ်ဖန်တီးနိုင်ရေးမှာ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းဖို့၊ အကြမ်းမဖက်တဲ့ လူ့အသိုင်းအဝိုင်းတည်ထောင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြဖို့ ဖြစ်ပါတယ်။ ဉာဏ်အမြော်အမြင်နဲ့မေတ္တာဟာ တိုင်းပြည်ရဲ့ ကံကြမ္မာကို ဖော်ဆောင်ပါလိမ့်မယ်။

လွတ်လပ်ရေးရရှိဖို့ မနေ့က ကိစ္စတွေကို ခွန်နဲ့အားနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဘိုးဘေးဘီဘင်တွေဟာ တာဝန်ကျေပွန်ခဲ့ပါတယ်။ သူတို့ရဲ့သာယာဝပြောမှုကို ရှေ့တန်းမတင်၊ အနစ်နာခံ၊ နေ့မအား ညမနား အားထုတ်ခဲ့ သူတွေဖြစ်ပါတယ်။ သူတို့ထားခဲ့တဲ့ အမွေအနှစ် အတွေ့အကြုံနဲ့ အသီးအပွင့်ဖြစ်တဲ့ လွတ်လပ်ရေးကို ကျွန်တော်တို့တစ်တွေ ခံစားရတာဖြစ်ပါတယ်။ မိဘ အဘိုးအဘွားတွေရဲ့ ခွန်အားအမြော်အမြင်နဲ့ စီမံပြုလုပ်ခဲ့တဲ့ အသီးအပွင့် အမွေအနှစ်တွေဖြစ်ပါတယ်။ အသက်သွေးချွေး ပေးခဲ့ကြသူတွေ ဘိုးဘွားတွေကို ကျွန်တော်တို့ ပို၍ပို၍ အောက်မေ့ကြရလိမ့်မယ်။

စိန်ခေါ်မှုတွေ မည်သို့ပင် ရှိသည်ဖြစ်စေ လောကီလောကုတ္တရာ နှစ်ဖြာနဲ့ ကျော်လွှားခြင်းဖြင့် အေးချမ်းသာယာတဲ့ ဘဝကို မျက်မှောက်ပြုနိုင်မှာ ဖြစ်ပါတယ်။ မြန်မာတွေဟာ လေ့လာစရာတွေ ကိုယ့်ရှေ့မှာ ရှိနေတာမို့ သင်ယူဖို့ ခရီးဆက်ကြရဦးမယ်လို့ ယုံကြည်ပါကြောင်း မေတ္တာဖြင့် တင်ပြအပ်ပါတယ်။ ။

**ကျမ်းကိုး –**

- **ဦးသန့်၏ ဘဝအတွေ့အကြုံများ မောင်ရွှေခေတ်။ ရန်ကုန် ပန်းဝေဝေစာပေ၊ ၂၀၁၃ ခုနှစ်**
- **ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန**
- **မကြန် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ မြရတနာ စာပေ၊ စာစဉ် (၁) ၂၀၀၂ ခုနှစ်**
- **Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000**
- **“၂၀ ရာစု မြန်မာနိုင်ငံ” အမျိုးသားလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၀၂ ခုနှစ် တက္ကသိုလ်များ ပုံနှိပ်တိုက်**
- **Time 4 September, 2001**
- **Readers’ Digest, October, 2001**
- **Newsweek July, 2005**


## ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ပို့စကတ်ထုတ်ဝေ













ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် ပို့စကတ် (၄) မျိုးအား စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါ ပို့စကတ် ၄ မျိုးအား “ပုဂံရှုခင်းအလှ၊ ပြည်ထောင်စုတိုင်းရင်းသားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဇာတ်သဘင်အလှ၊ မြန်မာ့ရိုးရာရှင်ပြုအလှူပွဲ” ခေတ်ပုံများဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ၁၇၀ ကျပ်နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။




(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံကြီးရှေ့၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးမည့် ကျန်းမာရေးလှုံ့ဆော်မှုမြေစိုက်ပိုစတာ စိုက်ထူပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပစဉ်။ အောင်မြင့် (ပန်းတောင်း)

# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်အား NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထား ထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG ၊ CRPH **တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ** မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ (၁၇) ဦး မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့များက လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထား ထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀ ရက်**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ပြေးဆွဲနေသည့် ချယ်ရီ(၂) ရေယာဉ်အား အကြမ်းဖက် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲမှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ စုစုပေါင်း ၁၇ ဦး မိုင်စထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိပါသည်။

ထိုကဲ့သို့ အပြစ်မဲ့ခရီးသွား ပြည်သူများအား ပစ်မှတ်ထား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် လုံးဝလက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ တနင်္ဂနွေနေ့ ညနေပိုင်းတွင် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသော ချယ်ရီ (၂) ရေယာဉ်အား အကြမ်းဖက်သမားအချို့က လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဖြစ်စဉ်ကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ စုစုပေါင်း ၁၇ ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မကောင်းစွာ ကြားသိရပါသည်။

ဤသို့ ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် ရေယာဉ်အား ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

*◆ကျော့ဖုံးမှ*

ခရီးသွားလာသူများအား သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးကို လေ့လာကြည့်ရှုနိုင်ရန်၊ လမ်းခရီးရှိ ရေမြေတောတောင်သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန်၊ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်နှင့် ဒေသန္တရဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ပြင်ဦးလွင်–ဂုတ်ထိပ်–ပြင်ဦးလွင်(အသွား/အပြန်)ခရီးစဉ်ကို ဒီဇင်ဘာ ၂၂ ရက် (ကရင်နှစ်သစ်ကူးရုံးပိတ်ရက်) နေ့မှ စတင်၍ နေ့စဉ်ပြေးဆွဲပေးသွားမည် ဖြစ်သည်။ ပြေးဆွဲရာတွင် RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီခွဲတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၂ နာရီတွင် ပြန်လည်ထွက်ခွာပြီး ပြင်ဦးလွင်ဘူတာသို့ ညနေ ၅ နာရီခွဲတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားအနေဖြင့် ခရီးသည်တစ်ဦးလျှင် ခရီးစဉ် အစ/အဆုံး ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် လက်ရှိပြေးဆွဲပေးလျက်ရှိသော ရထားခရီးစဉ်များတွင် ခရီးသည်စီးနင်းမှု များပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေတိုးမြှင့် ပြေးဆွဲခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ခရီးသွားမိဘပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်သည်။ **မြန်မာ့မီးရထား**

## တောင်တွင်းကြီး– ပုဂံ အစုန်အဆန် လူစီးရထားများ ပြေးဆွဲပေးလျက်ရှိ

**နတ်မောက် ဒီဇင်ဘာ ၂၀**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် တောင်တွင်းကြီးမှ ပုဂံအထိ အစုန်အဆန်လူစီးရထားများကို ဒီဇင်ဘာ ၁ ရက်မှစတင် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ တောင်တွင်းကြီးမှ ကျောက်ပန်းတောင်း– ပုဂံလမ်းပိုင်းတွင် မီးရထားပြေးဆွဲမှုမရှိခဲ့၍ ခရီးသွားပြည်သူများသွားလာရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။ ရထားခရီးစဉ်မရှိ၍ မော်တော်ယာဉ်များကိုသာ အားကိုးအားထားပြု၍ ခရီးသွားရသဖြင့် ယာဉ်စီးခကြီးမြင့်စွာ စီးနင်းသွားလာရသည်။ ယခုအခါ အမှတ် (၁၀၈) အစုန်ရထားဖြင့် တောင်တွင်းကြီးဘူတာအထိ လည်းကောင်း၊ အမှတ် (၁၀၇) အဆန်ရထားဖြင့် ကျောက်ပန်းတောင်း–ပုဂံအထိ လည်းကောင်း သွားလာ၍ ရနေကြောင်း၊ ခရီးသည်များအနေဖြင့် နတ်မောက်မှ တောင်တွင်းကြီးသို့ ရထားဖြင့် နေ့ချင်းပြန်သွားရောက်နိုင်သဖြင့် အလွန်အဆင်ပြေကြောင်း ရထားစီးခရီးသည် မချိုက ပြောသည်။



ပုဂံဘူတာမှ ထွက်ခွာလာသည့် အမှတ် (၁၀၈) အစုန်ရထားဖြင့် လိုက်ပါလာသူခရီးသွားများသည် တောင်တွင်းကြီးဘူတာတွင် ပျဉ်းမနားဘူတာသို့ ဆက်လက်ထွက်ခွာမည့် အမှတ်(၁၀၄) အစုန်ရထားသို့ ဆက်လက်ချိတ်ဆက်၍ နေပြည်တော်အထိ စီးနင်းနိုင်ကြောင်း၊ ယခုပြေးဆွဲနေသည့် တောင်တွင်းကြီး– မြို့သစ်– နတ်မောက်– ကျောက်ပန်းတောင်း– ပုဂံ ရထားလမ်းပိုင်းတွင် ဘူတာ ၁၇ ဘူတာ၌ ရထားရပ်နားပေးသဖြင့် ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ရွှေကျွန်းပင်ကျေးရွာနေ စန်းလှိုင်သည် ၎င်းအသုံးပြုသည့် “New Zar Hlaing” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် နေအိမ်စွန့်ခွာသူပေါင်း ၅၆၁၅၉ ဦးအထိ ရှိလာ

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၀

မလေးရှားနိုင်ငံ နေရာအနှံ့အပြားတွင် အားပြင်းထန်သော ရေကြီးရေလျှံမှုများကြောင့် ပြည်နယ်ငါးခုမှ နေအိမ်စွန့်ခွာသူပေါင်း ၅၆၁၅၉ ဦးအထိရှိလာကြောင်း ဒီဇင်ဘာ ၂၀ ရက်က အစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် အဆိုးရွားဆုံးထိခိုက်ခံစားရသည့် ဒေသများမှာ ကျွန်းဆွယ်၏ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ဖြစ်ပြီး ကီလန်တန်ပြည်နယ်မှ ရေဘေးသင့်သူ ၁၇၃၂၆ ဦးနှင့် တီရန်ဂါနူပြည်နယ်မှ ရေဘေးသင့်သူ ၃၇၇၈၂ ဦးတို့သည် ရေဘေးကယ်ဆယ်ရေးစင်တာများသို့ ရွှေ့ပြောင်းခဲ့ရကြောင်း နိုင်ငံပိုင်သတင်းဌာန ဘာနာမာက ပြောသည်။ အဆိုပါ ရေကြီးရေလျှံမှုကြောင့် ၁၅ လသားအရွယ် ကလေးငယ်တစ်ဦးအပါအဝင် ငါးဦး သေဆုံးကြောင်း အာဏာပိုင်များက အတည်ပြုပြောသည်။ ရေကြီး ရေလျှံမှုဒဏ်ခံစားရသော ပြည်နယ်များ၏ မြစ်ရေသည် စိုးရိမ်ရေမှတ်ထက် ကျော်လွန်နေကြောင်းလည်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် အခြားထိခိုက်ခံစားရသည့် ပြည်နယ်များမှာ ဖဟန်း၊ ဂျိုဟာနှင့် ပီရက်ခ်တို့ဖြစ်ပြီး လူပေါင်းရာချီကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ ဆင်ဟွာ



ကီလန်တန်ပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် နစ်မြုပ်နေသည့် ကားတစ်စီးကို ဒီဇင်ဘာ ၁၈ ရက်က ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ကြိုးပမ်းစဉ်။




# လာအို၌ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၄၅ သန်းအထိ စံချိန်တင်ရှိလာ

ဗီယင်ကျန်း ဒီဇင်ဘာ ၂၀

လာအိုနိုင်ငံသည် ယခုနှစ် နိုဝင်ဘာလတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၄၅ သန်းအထိ စံချိန်တင်ရှိကြောင်း လာအိုကုန်သွယ်ရေး ပေါ်တယ်ဝက်ဘ်ဆိုက်မှ နောက်ဆုံးထုတ်ပြန်သော အချက်အလက်အရ သိရသည်။

ကုန်ပစ္စည်းများ တင်ပို့ခြင်းနှင့် တင်သွင်းခြင်း ပြုလုပ်ရာတွင် တရုတ် - လာအို ရထားလမ်းကို အသုံးပြုသောကြောင့် လွယ်ကူချောမွေ့မှုရှိသည့်အပြင် အချိန်ကုန်သက်သာခြင်းနှင့် ငွေကုန်ကြေးကျ သက်သာကြောင်း ဒီဇင်ဘာ ၂၀ ရက်တွင် လာအိုကုန်သွယ်ရေး ပေါ်တယ်ဝက်ဘ်ဆိုက်၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာလတွင် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၈၃ သန်းရှိပြီး ထိုထဲမှ အမေရိကန်ဒေါ်လာ ၅၁၉ သန်းမှာ ပို့ကုန်ဝင်ငွေဖြစ်ပြီး အမေရိကန်ဒေါ်လာ ၅၆၄ သန်းမှာ သွင်းကုန်ဝင်ငွေဖြစ်ကြောင်း သိရသည်။ လာအိုနိုင်ငံ၏ အဓိကပို့ကုန်များမှာ သစ်သားပျော့ဖတ်၊ ပိုတက်ဆီယမ်ဆား၊ ရွှေသတ္တုရိုင်း၊ အဝတ်အစား၊ သကြား၊ ဖိနပ်၊ ငှက်ပျောသီး စသည်တို့ဖြစ်ပြီး အဓိကသွင်းကုန်များမှာ ဒီဇယ်၊ သံမဏိနှင့် သံထည်ပစ္စည်းများ၊ ဓာတ်ဆီ၊ ပလတ်စတစ်ထုတ်ကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ ကားအပိုပစ္စည်းများ စသည်တို့ဖြစ်သည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပြီးနောက် လာအိုနိုင်ငံအတွက် ထိပ်တန်းပို့ကုန်နိုင်ငံအဖြစ် ဆက်လက်ရှိနေသည်။ လာအိုနိုင်ငံ၏ အဓိကသွင်းကုန်နိုင်ငံများတွင် ထိုင်း၊ တရုတ်၊ ဆွစ်ဇာလန်၊ ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတို့ ပါဝင်သည်။ ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး စတုတ္ထအကြိမ်မြောက် ထိုးနှံမှုစတင်

ဒါကာ ဒီဇင်ဘာ ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော် ဒါကာ၌ ဦးစားပေးသတ်မှတ်ထားသည့် အဖွဲ့များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအကြိမ်မြောက် ထိုးနှံပေးမှုကို ဒီဇင်ဘာ ၂၀ ရက်က စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဦးစားပေးသတ်မှတ်ထားသည့်အဖွဲ့၌ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် ထိပ်ဆုံးမှ လုပ်ကိုင်ဆောင်ရွက်နေသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ ပါဝင်ကြောင်း ကျန်းမာရေးဝန်ဆောင်မှုများ ညွှန်ကြားမှုဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်) ညွှန်ကြားရေးမှူးချုပ် အာမန်ဒူလ် ကာဘီက ပြောသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တတိယအကြိမ်ထိုးနှံထားပြီး အသက် ၆၀ နှင့် အထက်ရှိသူများကိုလည်း ယခုကာကွယ်ဆေးထိုးလှုပ်ရှားမှုတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားချိန်မှာစပြီး လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၂၀၃၆၉၃၈ ဦးအထိရှိပြီး ၂၉၄၃၈ ဦး သေဆုံးကြောင်း သိရသည်။ ထို့ပြင် ရောဂါကင်းစင်၍ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၁၉၈၆၈၅၇ ဦးအထိရှိကြောင်း ကျန်းမာရေးဝန်ဆောင်မှုများ ညွှန်ကြားမှုဦးစီးဌာနက ပြောသည်။

ယခုနှစ် ဒီဇင်ဘာလအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်ကာကွယ်ဆေးအလုံးရေ ၃၃၉ သန်းခန့် ထိုးနှံပေးထားပြီးဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ



# လက်ဘနွန်နိုင်ငံရှိ အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၂၆ ဦး ထွက်ပြေးလွတ်မြောက်

ဘေရွတ် ဒီဇင်ဘာ ၂၀

လက်ဘနွန်နိုင်ငံရှိ အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၂၆ ဦးသည် ဒီဇင်ဘာ ၁၉ ရက် နံနက်အစောပိုင်းတွင် ထွက်ပြေး လွတ်မြောက်သွားခဲ့ပြီး ထိုထဲမှ ရှစ်ဦးကို ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း ဒေသတွင်းမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

ထွက်ပြေးလွတ်မြောက်သွားသူအများစုမှာ နိုင်ငံအနောက်ပိုင်း ဘီကာဒေသရှိ ဂျစ်ဂျီနင်အကျဉ်းထောင်မှဖြစ်ကြောင်းနှင့် မူးယစ်ဆေးဝါးများနှင့် လက်နက်များ မှောင်ခိုရောင်းဝယ်ဖောက်ကားမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားသူများဖြစ်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီက ပြောသည်။ ထောင်ပြေးများသည် လေဝင်လေထွက်ပေါက်တစ်ခုမှ ထွက်ပြေးလွတ်မြောက်သွားခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက်ပိုင်းတွင် ထောင်ပြေးတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး နေ့လယ်ပိုင်းတွင် နောက်ထပ်ခုနစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။ ဆင်ဟွာ

# တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၈၇၅၅၉ ဦးနှင့် သေဆုံးသူ ၅၆ ဦးရှိ




ဆိုးလ် ဒီဇင်ဘာ ၂၀

တောင်ကိုရီးယားနိုင်ငံ၌ ဒီဇင်ဘာ ၁၉ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၇၅၅၉ ဦး စစ်ဆေးတွေ့ရှိကြောင်း ဒီဇင်ဘာ ၂၀ ရက်တွင် ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ထိုသို့ ကူးစက်ခံရခြင်းမှာ စက်တင်ဘာ ၁၄ ရက်နောက်ပိုင်း ၉၇ ရက်အတွင်း နေ့စဉ်ကူးစက်မှုပမာဏ အများဆုံးဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ဆောင်းရာသီတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိနေသည်။ ထပ်မံကူးစက်ခံရသူများအနက် ၇၄ ဦးမှာ ပြည်ပပြန် ကူးစက်မှုဖြစ်သည့်အတွက် ပြည်ပပြန်ကူးစက်ခံရသူပေါင်း ၇၂၇၂၇ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ရောဂါကူးစက်ခံရပြီး ပြင်းထန်သောအခြေအနေတွင်ရှိသူ အရေအတွက်မှာ ၅၁၉ ဦးရှိပြီး ယခင်ရက်ကထက် ၁၆ ဦး ကျဆင်းလာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၅၆ ဦးရှိသည့်အတွက် သေဆုံးသူ ၃၁၄၉၀ အထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်းရှိ

**(၂၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၆၄၆) ခုအား စစ်ဆေးပြီး စီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၇၀,၅၂၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၁၄၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုး တွေ့ရှိမှုအနေဖြင့် (၃၅) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့်တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၂-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၅ | ၂၀၄၀ | ၁၉၃၅ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၀၀ | ၂၇၆၀ |
| 95 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၂၀၀၀ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၅ | ၂၀၂၀ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၇၅ | ၃၄၈၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၅၅ | ၃၅၀၅ |
| HSD (10 ppm) | ၂၃၅၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၅၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၀၂ | ၁၈၇၂ |
| 95 Ron | ၁၈၆၉ | ၁၉၄၀ |
| HSD (500 ppm) | ၂၁၆၈ | ၂၂၄၁ |
| HSD (50 ppm) | ၂၂၄၂ | ၂၃၁၆ |
| HSD (10 ppm) | ၂၂၄၂ | ၂၃၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်မြတ်များ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် လှူဒါန်းခြင်းအခမ်းအနား တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၂၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်တို့အမှူးပြု၍ မိတ်ဆွေသင်္ဂဟများမှ လှူဒါန်းသည့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်မြတ်(၃၂၂)ဆူတို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးရှိ ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ် အမှူးပြုသော ဆရာတော်ကြီး (၉)ပါး ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦး၊ နေပြည်တော်ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီရုံးမှဝန်ထမ်းများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်ကြီး (၉) ပါးတို့က ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ်(၃၂၂)ဆူတို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အောင်စည်သာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ မဟာထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော် သံဃာတော်များ ရွတ်ဖတ်ပူဇော်သော ပရိတ်တရားတော်မြတ်များကို နာယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရား နာကြားကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး၊ အလှူရှင်များက နေပြည်တော်ကောင်စီရုံးရှိ ဝန်ထမ်းများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ စစ်မှုထမ်းများ၊ နေပြည်တော်စည်ပင်သာယာဖွံ့ဖြိုးရေးဘဏ်ရှိ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများအတွက် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက လက်ခံရယူကြသည်။

**သတင်းစဉ်**

## ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၀

**တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့ရှိ ထေရဝါဒတောင်တန်းသာသနာပြုဇဟိုမြို့မကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ရှိ ဝေယံဘုံသာကျောင်းတိုက်၊ ကွမ်းလုံမြို့ရှိ လောကသရဖူအောင်တော်မူကျောင်းတိုက်နှင့် တန့်ယန်းမြို့ရှိ ရွှေမောင်းသာသနဝေပုလ္လသီလရှင်စာသင်တိုက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ရှိ မဟာဝိဟာရကျောင်းတိုက်နှင့် မိုင်းပန်မြို့ရှိ မွေတော်ပရိယတ္တိဘုန်းတော်ကြီးကျောင်းစာသင်တိုက်၊ မွန်ပြည်နယ် သထုံမြို့ရှိ ပဋ္ဌာဂီရိချမ်းမြေ့စည်သီလရှင်ကျောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်းခုနစ်ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ မဏိရတနာရာမကျောင်းတိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ အနီဃာသီလရှင် စာသင်တိုက်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ မင်းဘူးမြို့ရှိ သမိဒ္ဓေါယသုခကာရီသီလရှင်စာသင်တိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ဝင်္ကဘာတောရဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အေးသီတာဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီးသွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဉာဏဂုဏ်ရည်ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်တိုက်သစ်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သမ္မိဒ္ဓေါဒယကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိ ရတနာပုံအကျော်ကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ဓမ္မသုခဝိပဿနာကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ခြေတော်ရာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ရတနာသိဒ္ဓိကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အောင်မြေရွှေဘုံကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နေထွက်ဂူကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဲခူးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မင်္ဂလာဂူဝိပဿနာရိပ်သာ ပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ စွန်းလွန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ ဆွမ်း/ကွမ်း ခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ရဟန်း သံဃာသာမဏေများအတွက် ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့နယ် မြောက်ရွာ ရပ်ကွက် ပခုက္ကူဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တအဂ္ဂဝံသ ထံသို့ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်နှင့် ဝန်ထမ်းမိသားစုများမှ ဆန် ခြောက်အိတ်၊ ဆီ ၁၅ ပိဿာ၊ ကုလားပဲ ၁၇ ပိဿာစသည့် လှူဒါန်းထောက်ပံ့ပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာဆီယံ + ၃ ဘဏ္ဍာရေးနှင့်ဗဟိုဘဏ် ဒုတိယအကြီးအကဲများအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၀

**အာဆီယံ + ၃ နိုင်ငံများ၏ ဘဏ္ဍာရေးနှင့်ဗဟိုဘဏ် ဒုတိယအကြီးအကဲများအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ Virtual စနစ်ဖြင့် ကျင်းပသည်။**






အဆိုပါ အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အာဆီယံ + ၃ နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးဌာနများနှင့် ဗဟိုဘဏ်များမှ ဒုတိယဝန်ကြီးများနှင့် ဒုတိယဥက္ကဋ္ဌများ စုံညီစွာတက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

အစည်းအဝေး ပထမပိုင်း Informal Session တွင် အာဆီယံ + ၃ ဒေသတွင်းနိုင်ငံများ၏ ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးအခြေအနေ လေ့လာသုံးသပ်မှုများကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံ + ၃ မက်ခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office–AMRO)က လည်းကောင်း၊ ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ဘဏ္ဍာရေးအစီအစဉ်များ ခေါင်းစဉ်ဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်ကလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေး ဒုတိယပိုင်း Formal Session တွင် အာဆီယံ + ၃ မက်ခရိုစီးပွားရေး သုတေသနရုံးက ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို စုစည်းသုတေသနပြုမှုဆိုင်ရာ ဦးတည်ဆောင်ရွက်သွားမည့် နည်းဗျူဟာများ၊ ရုံးလုပ်ငန်းစဉ်များ၊ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် ကာလလတ် အကောင်အထည်ဖော်ရေး စီမံချက်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အတည်ပြုခဲ့ကြသည်။

### ဆွေးနွေးဆုံးဖြတ်ခဲ့

ထို့ပြင် ချင်းမိုင်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာစေရေး လုပ်ငန်းစဉ်သဘောတူညီချက်အရ ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများတွင် ဘဏ္ဍာရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာ အခက်အခဲများဖြစ်ပေါ်ပါက ဖြေရှင်းထောက်ပံ့နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်းသော လုပ်ငန်းဆောင်ရွက်မှုလက်စွဲကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အတိုးနှုန်းမူဘောင်သတ်မှတ်ခြင်းများကို အစည်းအဝေး အစီအစဉ်အတိုင်း ဆက်လက် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေး၌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုများ၊ စွမ်းအင်ဆိုင်ရာ ရေနံနှင့်လောင်စာဆီ အခက်အခဲများ၊ မြင့်တက်လာသော ကုန်စည်ဈေးနှုန်းများနှင့် ငွေဖောင်းပွမှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် စိန်ခေါ်မှုများစွာ ရင်ဆိုင်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကာလအလွန် နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၇ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားကြောင်း၊ ယခု ၂၀၂၂ ခုနှစ် ပထမခြောက်လအပြီးတွင် စီးပွားရေးတိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရန် အားပေးမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ခိုင်မာအားကောင်းပြီး အားလုံးပါဝင်သော စီးပွားရေးတိုးတက်မှုတွင် ပါဝင်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး နိုင်ငံတကာအသိုက်အဝန်းတွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တာဝန်ကျေပွန်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါဝင်ဆွေးနွေးပြောကြားခဲ့သည်။

### အလှည့်ကျပူးတွဲကျင်းပ

အာဆီယံ + ၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကို အာဆီယံနိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံဖြစ်ကြသည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံများတွင် အလှည့်ကျပူးတွဲအိမ်ရှင်အဖြစ် ကျင်းပလျက်ရှိရာ ယခုနှစ်အတွက် အိမ်ရှင်အဖြစ် အာဆီယံနိုင်ငံများဘက်မှ ကမ္ဘောဒီးယားနိုင်ငံနှင့် အပေါင်းသုံးနိုင်ငံဘက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံက Co-Chairs များအဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

# အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အာဆီယံ + ၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေး (ASEAN+3 Finance and Central Bank Deputies' Meeting – AFCDM+3) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင် တက်ရောက်သည်။

### စီးပွားရေးအခြေအနေများ ဆွေးနွေး

ဦးစွာ ကမ္ဘာ့စီးပွားရေးအလားအလာ (Global Macroeconomic Outlook) ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund – IMF) က လည်းကောင်း၊ ဒေသတွင်း စီးပွားရေး အလားအလာ (Regional Macroeconomic Outlook) ကို အာဆီယံ+၃ မက်ခရိုစီးပွားရေး သုတေသနရုံး (ASEAN + 3 Macroeconomic Research Office – AMRO) ကလည်းကောင်း၊ အာဆီယံ+၃ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဘဏ္ဍာငွေ ဖြည့်ဆည်းမှု (Financing Sustainable Development in ASEAN+3) ခေါင်းစဉ်ဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank – ADB) က လည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ယင်းသို့ အမြင်ချင်းဖလှယ်ဆွေးနွေးရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးနှင့် ငွေရေးကြေးရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျဉ်းချုပ် ဆွေးနွေးသည်။

### အနာဂတ်ဦးစားပေး အစီအစဉ်များ ဆွေးနွေးခဲ့

ဆက်လက်၍ အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အာဆီယံ+၃ မက်ခရို စီးပွားရေး သုတေသနရုံး (AMRO) ၏ ၂၀၃၀ ပြည့်နှစ်အတွက် မဟာဗျူဟာဆိုင်ရာ လမ်းညွှန်ချက်များနှင့် ဒေသတွင်း ဗဟုသုတလေ့လာရေးဆိုင်ရာ အချက်အချာ၊ ဝန်ထမ်းများ၏ အကျိုးခံစားခွင့်များ၊ ဘတ်ဂျက်နှင့် ဝန်ထမ်းခန့်ထားရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာလလတ် အကောင်အထည်ဖော်မှုအစီအစဉ် (၂၀၂၃-၂၀၂၅) နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် အာဆီယံ+၃ အနာဂတ် ဦးစားပေး အစီအစဉ်များ (ASEAN+3 Future Initiatives) တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ချင်းမိုင်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး (Chiang Mai Initiative Multilaterali-zation – CMIM) အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ပြည်တွင်းသုံးငွေကြေးထည့်ဝင်မှု၊ မာဂျင်သတ်မှတ်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ (၁၃) ကြိမ်မြောက် အစမ်းလေ့ကျင့်မှု အစီအစဉ်တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အာဆီယံ+၃ အာရှငွေချေးစာချုပ်ဈေးကွက်အစီအစဉ် (Asian Bond Markets Initiative) တို့နှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြပြီး အာဆီယံ+၃ ဒုတိယအကြီးအကဲများက အတည်ပြုရန် အချက်များအပေါ် အတည်ပြုပေးခဲ့ကြသည်။





သတင်းစဉ်

---

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇,၂၅၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၂,၁၆၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၆၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

# သံတွဲမြို့နယ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သံတွဲ ဒီဇင်ဘာ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းသည် ယနေ့နံနက် ၈ နာရီက ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့် တာဝန်ရှိသူများနှင့်အတူ သံတွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေလှေကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် စံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေလှေကျေးရွာရှိ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) ဖြင့် ဆောင်ရွက်နေသည့် ဝက်မွေးမြူရေးလုပ်ငန်းနှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် (၃၃၆ ပေ x ၁၄ ပေ x ၇ လက်မ) ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခေတ်မီစံပြကျေးရွာ စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရှိ Advance Metering Infrastructure (AMI) Control Center ဖွင့်ပွဲ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



မန္တလေး ဒီဇင်ဘာ ၂၀

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ပြုလုပ်သော Advance Metering Infrastructure Control Center ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးအေးကျော်နှင့် Ever Meter Co., Ltd ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က AMI Control Center ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ယာပုံ**)တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား Ever Co.,Ltd ဥက္ကဋ္ဌ ဦးမျိုးအောင်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် AMI စနစ်နှင့် Automatic Billing စနစ်များ ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့ကြီးများတွင် AMI စနစ်သုံးမီတာများ တပ်ဆင်ပြီးစီးမှု၊ ဆက်လက်တပ်ဆင်သွားမည့်အခြေအနေများ၊ AMI စနစ်ဆောင်ရွက်ခြင်းကြောင့် ရရှိသည့်အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြည်သူလူထုအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးကြပ်ဆောင်ရွက်လျက်ရှိရာ လိုအပ်သည်များကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ သုံးစွဲယူနစ်၊ ဓာတ်အားခငွေနှင့်ပတ်သက်၍ ဓာတ်အားသုံးစွဲသူပြည်သူများ စိတ်ချမ်းမြေ့စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအခြေအနေများကို Smart Phone မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုသိရှိနိုင်သည့်အတွက် ဝင်ငွေပေါ်မူတည်၍ ဓာတ်အားချင့်ချိန်သုံးစွဲနိုင်ခြင်း၊ Mobile Applicationမှတစ်ဆင့် မီတာခပေးချေနိုင်သဖြင့် အချိန်ကုန်လူပင်ပန်းသက်သာခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ AMI စနစ်အား မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် စတင်ဆောင်ရွက်လျက်ရှိပြီး AMI Control Centerကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ပြီးဖြစ်ကြောင်း၊ Smart Meter ဝယ်ယူလဲလှယ်ခြင်းအား စီမံချက်ချ၍ နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၂ခုနှစ် နိုဝင်ဘာလကုန်အထိ လျှပ်စစ်မီးရရှိပြီးအခြေအနေမှာ မြို့ပေါင်းအားလုံး၊ ကျေးရွာအားဖြင့် ၉၄ ရာခိုင်နှုန်း၊ အိမ်ထောင်စုပေါင်း ၈၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ၌ ကျင်းပသည့် မလက္ကာအလွတ်တန်း စကိတ်အမြန်စီးပြိုင်ပွဲတွင် မြန်မာစကိတ်အားကစားသမားနှစ်ဦးက ရွှေတံဆိပ်လေးခုဆွတ်ခူး



**ရန်ကုန် ဒီဇင်ဘာ ၂၀**

မလေးရှားနိုင်ငံ မလက္ကာမြို့၌ ဒီဇင်ဘာ ၁၇ ရက်က ကျင်းပပြုလုပ်သည့် မလက္ကာအလွတ်တန်း စကိတ်အမြန်စီးပြိုင်ပွဲ (Melaka Open Speed Skating Challenge(MOSC)-2022) သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြု စကိတ်အားကစားသမားနှစ်ဦး ရွှေတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာစကိတ် အားကစားသမား မောင်အင်အားနှင့် မမေခွန်အားတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စကိတ်အမြန်စီး မီတာ ၂၀၀ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် မြန်မာက ပထမ၊ အင်ဒိုနီးရှားက ဒုတိယနှင့် မလေးရှားက တတိယ ရရှိခဲ့ကြသည်။ ထို့အတူ မီတာ ၈၀၀ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင်လည်း မြန်မာက ပထမ၊ အင်ဒိုနီးရှားက ဒုတိယနှင့် မလေးရှားက တတိယဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

"နိုဝင်ဘာ ၁ ရက်က မလေးရှားအဖွဲ့ချုပ်ဥက္ကဋ္ဌကနေ ကျွန်တော့်ကို ဆက်သွယ်လာတယ်။ မလက္ကာမှာ စကိတ်ပြိုင်ပွဲလုပ်မယ်။ မင်းတို့အနေနဲ့ အခမဲ့လာလို့ရတယ်။ ငါတို့ နေရာစီစဉ်ပေးမယ်ဆိုပြီးတော့ ကမ်းလှမ်းလာတယ်။ ကျွန်တော်တို့ မီတာ ၂၀၀ နဲ့ မီတာ ၈၀၀ စုံတွဲအတွဲပေါ့။ အဲဒီပြိုင်ပွဲတွေမှာ ရွှေရခဲ့တာပါ။ အဓိကကတော့ အသက် ၁၅ နှစ်အောက်ပြိုင်ပွဲ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့ဆီမှာရှိတဲ့ ပဏာမ လက်ရွေးစင်အားလုံးနဲ့ ကလပ်အသင်းမှာ နာမည်ကြီးတဲ့ ကစားသမားတွေကို လွှတ်ပြီးတော့ အလွတ်ဝင်ပြီးပြိုင်တဲ့ပြိုင်ပွဲဖြစ်ပါတယ်။ ဒီကလေးနှစ်ယောက်ရဲ့ ကောင်းမွန်တဲ့အချက်ကတော့ သူတို့က နေ့တိုင်း ၁၀ မိုင်လောက် အကွာအဝေးရှိတဲ့ကျောင်းကို စကိတ်နဲ့ပဲ ကျောင်းတက်နေတဲ့အတွက်ကြောင့်အလွယ်တကူပဲကျော်ဖြတ်နိုင်ခဲ့တယ်လို့ ထင်ပါတယ်"ဟု ပြိုင်ပွဲတွင် လိုက်ပါသွားသည့် မြန်မာနိုင်ငံ စကိတ်အားကစားအသင်း ဒုတိယဥက္ကဋ္ဌ ဦးလွင်လတ်က ပြောသည်။

ပြိုင်ပွဲကို ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကစားခဲ့ကြပြီး စင်ကာပူ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မြန်မာနှင့် အိမ်ရှင်မလေးရှားနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ အိန္ဒိယနှင့် စင်ကာပူတို့ပြိုင်ပွဲ အစောမှာပင် ရှုံးနိမ့်ထွက်ခွာခဲ့ကြရသည်။ မလက္ကာအလွတ်တန်း စကိတ်အမြန်စီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာမှ မောင်အင်အားနှင့် မမေခွန်အားတို့သည် လှိုင်သာယာသူရဲကောင်းလေးများအသင်းမှ စကိတ်စီးအားကစားသမားများ ဖြစ်ကြသည်။

အဆိုပါစကိတ်အားကစားဖြင့် ရွှေတံဆိပ်လေးခု ဆွတ်ခူးရယူခဲ့သည့် မြန်မာစကိတ်စီးအားကစားသမားများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။ **အာကာစိုး၊ဓာတ်ပုံ-တင်စိုး**

# AFF Cup အုပ်စုပထမပွဲကစားမည့် မြန်မာနှင့် မလေးရှား ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု(ခ) ပထမနေ့အဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

မြန်မာနှင့် မလေးရှားအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နှစ်ဖက်အသင်းနည်းပြချုပ်နှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးက "AFF Cup ပြိုင်ပွဲအတွက် သေချာပြင်ဆင်ထားသလို အကောင်းဆုံးလူစာရင်းကိုလည်း ရွေးချယ်ထားပါတယ်။ အသင်းမှာ ဒဏ်ရာရကစားသမားမရှိတာကြောင့်လည်း လူစုံပါဝင်နိုင်မှာဖြစ်ပါတယ်။ ထိုင်းနဲ့ ခြေစမ်းပွဲရလဒ်နဲ့ ကစားပုံက စိတ်ကျေနပ်စရာမကောင်းခဲ့တာမှန်ပါတယ်။ အားနည်းချက်၊ လိုအပ်ချက်တွေကို ပြင်ဆင်ထားပြီး ထိုင်းနဲ့ခြေစမ်းပွဲက မတူညီတဲ့ ကစားပုံကို တွေ့မြင်ရမှာပါ။ သုံးနှစ်ကျော်ကာလအတွင်း ပထမဆုံး အိမ်ကွင်းပြန်ကစားရမှာဖြစ်တာကြောင့် ပရိသတ်တွေအနေနဲ့




မြန်မာအသင်းနှင့် မလေးရှားအသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

အားပေးဖို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် မောင်မောင်လွင်က "မလေးရှားနဲ့ ကစားရမယ့်ပွဲဟာ သုံးနှစ်အတွင်း အိမ်ကွင်းမှာကစားရမယ့် ပထမဆုံးပွဲဖြစ်တာကြောင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ အသင်းရဲ့ အားသာချက်၊ အားနည်းချက်တွေကို ပြန်လည်ပြင်ဆင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

မလေးရှားအသင်းနည်းပြချုပ် ကင်မ်ပန်ဂွန်က "ကျွန်တော်တို့ ဒီပြိုင်ပွဲအတွက် ကောင်းကောင်းပြင်ဆင်ထားပါတယ်။ အသင်းအနေနဲ့ မလေးရှားပရိသတ်တွေအတွက် အကောင်းဆုံးခြေစွမ်းပြပြီး အကောင်းဆုံးရလဒ်ရယူပေးနိုင်ဖို့ ယုံကြည်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ စီစဉ်ထားရှိမှုတွေအပေါ် လေးစားသလို အဆင်ပြေပါတယ်။ မြန်မာအသင်းနဲ့ ကစားရတဲ့ အဝေးကွင်းတွေမှာ ရလဒ်ဆိုးခဲ့ပေမယ့် ဒီတစ်ကြိမ်မှာတော့ ရလဒ်ကောင်းရယူနိုင်အောင် ကြိုးစားမှာပါ" ဟု ပြောကြားခဲ့သည်။

အုပ်စု (ခ) ပထမနေ့အဖြစ် ယနေ့ ညနေ ၄ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် မလေးရှားအသင်း၊ ည ၇ နာရီတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ အမျိုးသားကွင်း၌ လာအိုအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(ခ)တွင် ဗီယက်နမ်၊ မြန်မာ၊ မလေးရှား၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်သည်။ မြန်မာအသင်းနှင့် မလေးရှားအသင်းပွဲကို SKY NET ရုပ်သံလိုင်းများဖြစ်သည့် SKY NET Sports HD နှင့် SKY NET Sport 4 ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ – သော်လေး**

# ရန်ကုန်တိုင်းဒေသကြီး၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ ဘင်္ဂါလီလူမျိုးများအား မလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန်အတွက် တရားမဝင် သယ်ယူပို့ဆောင်ပေးသူများအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် ဒီဇင်ဘာ ၂၀


၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရွှေနံ့သာကျေးရွာ ဘားလားကျေးရွာအဝင်လမ်း သစ်ခွခြံအနီး၌ ဘင်္ဂါလီလူမျိုးများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ မိုဟာမက်ဖိုက်စိန်(၁၄)နှစ်ပါ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို တွေ့ရှိရသဖြင့် ထိန်းသိမ်းစစ်ဆေးခဲ့သည်။

### ပွဲစားများက လာရောက်ခေါ်ဆောင်

အဆိုပါ ထိန်းသိမ်းထားရှိသူ ဘင်္ဂါလီလူမျိုးများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် နိုဝင်ဘာ ၁၄ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ လူအင်အား ၃၆ ဦးပါအဖွဲ့ဖြင့် စက်လှေစီးကာ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ ကျေးရွာတစ်ရွာသို့ ခိုးဝင်ခဲ့ကြောင်း၊ ယင်းကျေးရွာတွင် အခြား ဘင်္ဂါလီလူမျိုး ၃၆ ဦးနှင့်အတူ ခြောက်ရက်ခန့်နေထိုင်ခဲ့ပြီး ၎င်းတို့ ၇၂ ဦးသည် မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် ပွဲစားလေးဦးနှင့်အတူ စက်လှေတစ်စင်းဖြင့် သုံးရက် သုံးညခန့် စီးနင်းထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ဝသို့ ရောက်ရှိခဲ့ပြီး ထိုနေရာ၌ အခြားစက်လှေတစ်စင်းပေါ်သို့ ပြောင်းရွှေ့စီးနင်း၍ ဆက်လက်ထွက်ခွာခဲ့ရာ နှစ်နာရီအကြာတွင် ကျေးရွာတစ်ရွာသို့ ရောက်ရှိခဲ့ကြောင်း၊ စက်လှေပေါ်မှဆင်းပြီး တောလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကာ ကားလမ်းမပေါ်အရောက်၌ အသင့်စောင့်နေသည့် ဆီဘောက်ဆာကားတစ်စီးပေါ်သို့ တက်ရောက်ခဲ့ကြောင်း၊ ထိုသို့ တက်ရောက်ရာတွင် လှေကားဖြင့် ဘောက်ဆာအမိုးပေါ်သို့ တက်ရောက်၍ အမိုးအဖုံးဖွင့်ကာ ဘောက်ဆာအတွင်းသို့ ဆင်းရကြောင်း၊ ဘောက်ဆာအတွင်း၌ အကန့်ရှစ်ခုပါရှိပြီး ၎င်းအကန့်များအတွင်း ဝင်ရောက်စီးနင်းခဲ့ရကြောင်း၊ လမ်းခရီးတစ်နေရာအရောက်၌ အခြားယာဉ်နှစ်စီးဖြင့် ပြောင်းရွှေ့စီးနင်း ဆက်လက်ထွက်ခွာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာသို့ ရောက်ရှိပြီး အဆိုပါကျေးရွာရှိ ခြံတစ်ခုအတွင်း၌ ၁၅ ရက်ခန့် နေထိုင်ခဲ့ကြောင်း၊ ထိုသို့ နေထိုင်စဉ်၎င်းတို့အနက်မှ လူ ၆၀ အား ပွဲစားများက အသီးသီးလာရောက်ခေါ်ဆောင်သွားခဲ့သဖြင့် ၎င်းတို့ ၁၂ ဦးသာ ကျန်ရှိခဲ့ကြောင်း၊ ၎င်းတို့အား နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီ တွင် အဖြူရောင်မော်တော်ယာဉ်တစ်စီးဖြင့်လည်းကောင်း၊ ထို့နောက် အဖြူရောင်အငှားယာဉ် နှစ်စီးဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းရွှေ့ခေါ်ဆောင်ကာ တွေ့ရှိထိန်းသိမ်းခံရသည့်နေရာ၌ ချထားပေးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

### အဆင့်ဆင့်သယ်ယူပို့ဆောင်ပေး

အဆိုပါ ထိန်းသိမ်းထားရှိသူ ဘင်္ဂါလီလူမျိုးများအား အသေးစိတ်စစ်ဆေးချက်အရ ၎င်းတို့ကို သယ်ယူပို့ဆောင်ထိန်းသိမ်းထားရှိရာတွင် ကိုယ်တိုင်ပါဝင်ကြီးကြပ်ဆောင်ရွက်သူဖြစ်သည့် သန့်ဇင်ဦး (ခ) သူရိန်၊ မော်တော်ယာဉ်များဖြင့် အဆင့်ဆင့် သယ်ယူပို့ဆောင်ပေးကြသူများဖြစ်ကြသည့် မြတ်စိုးဦး (ခ) ပြောင်ကြီး၊ ထက်ကျော်၊ အောင်သူ၊ မြင့်စိန်၊ ဇော်ဇော်လတ် (ခ) ရခိုင်လေး၊ ကျော်ကျော် (ခ) ကျော်ကြီး နှင့် မင်းမင်းထိုက်တို့အားလည်းကောင်း၊ ဘင်္ဂါလီများအား လက်ခံထိန်းသိမ်းထားရှိပေးသူများဖြစ်ကြသည့် အေးခိုင် (ခ) ကိုအောင်၊ အောင်အောင်၊ ဇော်အောင် (ခ) မောင်ဇော်နှင့် ဇော်ဝင်း(ခ)အလီဘိုင်တို့ စုစုပေါင်း ၁၂ ဦး၊ ဇော်ဝင်း(ခ)အလီဘိုင်၏ နေအိမ်တွင် ထိန်းသိမ်းထားရှိသည့် ဘင်္ဂါလီ




လူမျိုး မိုဟာမက်ဂျာဘဲ ပါ အမျိုးသား ၁၉ ဦးနှင့်အတူ ဘင်္ဂါလီလူမျိုးများကို သယ်ယူပို့ဆောင်ရာတွင် အသုံးပြုခဲ့သည့် YGN 3C– 6928 နံပါတ်ပါ ဆီဘောက်ဆာ ဖြူ/ပြာရောင်ယာဉ်ပါ မော်တော်ယာဉ် ခြောက်စီးတို့ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်နှင့် ၁၆ ရက်တို့တွင် အသီးသီး ဖမ်းဆီးရမိခဲ့သည်။

*စာမျက်နှာ ၂၁ သို့*

ရခိုင်ပြည်နယ်မှတစ်ဆင့် ဘင်္ဂါလီလူမျိုး ၂၅၅ ဦးအား စုစုပေါင်း(၅)ကြိမ် သယ်ဆောင်ခဲ့သည့် တရားခံ သန့်ဇင်ဦး(ခ)သူရိန်ပါ ၁၀ ဦးနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။






ဘင်္ဂါလီလူမျိုးများအား သယ်ဆောင်သည့် ဆီဘောက်ဆာယာဉ်။

# တရားမဝင် သစ်တောထွက်ပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော Dji Drone နှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အင်းစိန်ခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ အတွင်းရေးမှူး ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့က မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေး ဝင်းအတွင်း၌ သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင်မှန်လုံယာဉ် တစ်စီးပေါ်မှ တရားမဝင် Potassium Nitrate Crystals ကီလိုဂရမ် ၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာအနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် မီးသွေး အိတ် ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၄၄) နှင့် အဆိုပါမီးသွေးအိတ်များ တင်ဆောင်လာသော Toyota Dyna အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၁၉၃၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရွှေသံလွင်တိုးဂိတ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်းများအပါအဝင် ကုန်စည်ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၂၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မိုင်းဆတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆိုင်ခေါင်ရွာနှင့် ကောင်းမှုတန်ရွာကြား၊ တာချီလိတ်–မိုင်းဆတ် ကားလမ်းမအနီးတွင် စုပုံထားသော အကောက်ခွန်မဲ့ မော်တော်ကားတာယာများ အပါအဝင် ကုန်စည်ရှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော Plastic Tube များ ၁၂၀၀ ကီလိုဂရမ်နှင့် အမျိုးသမီးစီးဖိနပ်များ အရန် ၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် နှစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၇၉၃၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၆ ရက် နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၀၀၅၃၄၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

ဖမ်းဆီးရမိသူ တရားခံများ၏ ထွက်ဆိုချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ ဘင်္ဂါလီလူမျိုးများအား မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် သန့်ဇင်ဦး (ခ) သူရိန်၊ ထက်ကျော်၊ မြတ်စိုးဦး (ခ) ပြောင်ကြီး၊ မင်းမင်းထိုက်၊ အေးခိုင်(ခ) ကိုအောင်၊ ဇော်အောင်(ခ) မောင်ဇော်နှင့် အောင်အောင်တို့ ပါဝင်သည့်အဖွဲ့က ရခိုင်ပြည်နယ် စစ်တွေဘက်မှ ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများအား ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ သွားရောက်ခေါ်ဆောင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခေတ္တထိန်းသိမ်းပေးရန် ဘင်္ဂါလီတစ်ဦးလျှင် ကျပ် ၇ သိန်းနှုန်းဖြင့် လက်ခံဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့ လက်ခံထိန်းသိမ်းထားသည့် ဘင်္ဂါလီလူမျိုးများအား အလီလီ သယ်ဆောင်သည့်သူများက လာရောက်ခေါ်ဆောင်ကာ မလေးရှားနိုင်ငံသို့ ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ သယ်ယူထိန်းသိမ်းပေးခြင်းအား အခကြေးငွေယူ၍ ဆောင်ရွက်ခဲ့သည်မှာ ငါးကြိမ်ခန့်ရှိပြီဖြစ်ပြီး ဘင်္ဂါလီလူမျိုး ၂၅၅ ဦးတို့ကို တရားမဝင်သယ်ဆောင် ထိန်းသိမ်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### သေဆုံးသူများအား လမ်းမပေါ်၌ စွန့်ပစ်

ထိုသို့ တရားမဝင်သယ်ဆောင်ထိန်းသိမ်းပေးခဲ့သည့် ငါးကြိမ်အနက် ပဉ္စမအကြိမ် ဒီဇင်ဘာ ၄ ရက်တွင် စစ်တွေမြို့မှ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းမြို့ ပုသိမ် – မုံရွာကားလမ်းဘေး တောစပ်တစ်နေရာသို့ ဘင်္ဂါလီလူမျိုး ၃၃ ဦးအား ချိန်းဆိုပို့ဆောင်ပေးခဲ့သဖြင့် မြတ်စိုးဦး(ခ) ပြောင်ကြီးမှ YGN 3C– 6928 ဆီဘောက်ဆာကားအား မောင်းနှင်ကာ ဇော်အောင်(ခ)မောင်ဇော်က အဖော်အဖြစ် လိုက်ပါ၍ သွားရောက်သယ်ဆောင်ခဲ့ကြောင်း၊ ထိုသို့ သယ်ဆောင်ရာတွင် ပုသိမ် – မုံရွာကားလမ်းအတိုင်း မောင်းနှင်ခဲ့ကြောင်း၊ ပန်တိုင်စစ်ဆေးရေးဂိတ်အရောက်တွင် ဆီဘောက်ဆာကားအမိုးပေါ်ရှိ လေဝင်ရန်ဖွင့်ထားသော အဖုံးများအားပိတ်၍ မောင်းနှင်ခဲ့ကြောင်း၊ ပန်တိုင်စစ်ဆေးရေးဂိတ်ကျော်သည့်အခါ အဖုံးများအား ပြန်ဖွင့်ပေးခဲ့ကြောင်း၊ ထန်းတပင်မြို့နယ် သီတာအေးလမ်းဆုံ စစ်ဆေးရေးဂိတ်အနီးအရောက်တွင် အဖုံးများအား ပြန်ပိတ်၍ မောင်းနှင်ခဲ့ကြောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် နည်းပညာတက္ကသိုလ်အနီးအရောက်တွင် ပိတ်ထားသောအဖုံးများအား လေဝင်စေရန် ပြန်ဖွင့်ပေးခဲ့ရာ ဆီဘောက်ဆာကား နောက်ဆုံးအကန့်တွင် လိုက်ပါစီးနင်းလာသည့် ဘင်္ဂါလီလူမျိုး အမျိုးသား ၁၃ ဦးသည် ပါးစပ်မှ အမြှုပ်များထွက်၍ သေဆုံးသွားခဲ့ကြကြောင်း၊ အသက်ရှင်ကျန်သူ ဘင်္ဂါလီလူမျိုး ၂၀ အား အေးခိုင်နှင့် ဇော်ဝင်း(ခ) အလီဘိုင်တို့၏ နေအိမ်များတွင် ထိန်းသိမ်းထားရှိခဲ့ပြီး သေဆုံးသူ ဘင်္ဂါလီ ၁၃ ဦးအား ယင်းနေ့ ည ၇ နာရီခွဲတွင် ဖောကားဖြင့် သယ်ဆောင်ပြီး လှည်းကူးမြို့နယ် ဘားလားကျေးရွာအနီး တပင်ရွှေထီးလမ်းမပေါ်၌ သွားရောက်စွန့်ပစ်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။



၁၇–၁၂–၂၀၂၂ ရက်တွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည့် ဘင်္ဂါလီလူမျိုး ကျား ၁၉ ဦး ၏ မှတ်တမ်းဓာတ်ပုံ။



၈–၁၂–၂၀၂၂ ရက်တွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့သည့် ဘင်္ဂါလီလူမျိုး ကျား ၆ ဦး၊ မ ၆ ဦး၏ မှတ်တမ်းဓာတ်ပုံ။



၅–၁၂–၂၀၂၂ ရက်တွင် လှည်းကူးမြို့နယ် ဘားလားကျေးရွာအနီး၌ ဘင်္ဂါလီလူမျိုး ၁၃ ဦးအား သေဆုံးလျက်တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။

### ယာဉ်မျိုးစုံ ခြောက်စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

ဖြစ်စဉ်များတွင် ဘင်္ဂါလီလူမျိုး ၂၅၅ ဦးအား တရားမဝင်သယ်ဆောင်ထိန်းသိမ်းထားမှုတွင် ပူးပေါင်းပါဝင်ပတ်သက်ခဲ့သည့် တရားခံအမျိုးသား ၁၂ ဦးတို့အား ဘင်္ဂါလီလူမျိုးများ တရားမဝင်သယ်ယူပို့ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဆီဘောက်ဆာယာဉ်တစ်စီး၊ Toyota Vanguard မော်တော်ယာဉ်တစ်စီး၊ Toyota Crown မော်တော်ယာဉ်တစ်စီး၊ Hyundai Starex မော်တော်ယာဉ်တစ်စီး၊ Toyota Probox မော်တော်ယာဉ် နှစ်စီး စုစုပေါင်းမော်တော်ယာဉ်မျိုးစုံ ခြောက်စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများနှင့် တရားမဝင်သယ်ဆောင်ထိန်းသိမ်းထားရှိသူ ဖမ်းဆီးရမိ တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရန်ကျန် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိန်းမင်းစိုးနှင့် မကေသွယ်စိုးတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# မိုးညှင်း၊ ကွမ်းလုံ နှင့် နောင်ချိုမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် JINBEI အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၄၁ ကီလို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲတွင် ကွမ်းလုံမြို့နယ် ပြိန်းရဲကျေးရွာအုပ်စု ရှင်လုံကျိုင်းကျေးရွာအနီးတွင် လောက်ချို(ခ) လောက်ဝူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် မိုင်တိုင်အမှတ်(၈၀/၄) အနီးတွင် ကျော်ဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

**သတင်းစဉ်**




# မြို့နယ်သမဝါယမအသင်းစု ကန်ကြီးထောင့်မြို့ ဧရာဝတီတိုင်းဒေသကြီး လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်သမဝါယမအသင်းစုပိုင်၊ ပုသိမ်မြို့နယ်၊ မြက်တို (လေယဉ်ကွင်းရှေ့)ရှိ ပုသိမ်-မုံရွာကားလမ်းမကြီးဘေး အမှတ်(၁၆၃)(က) မြေနီကုန်းကွင်း၊ ဦးပိုင်အမှတ်(၂၂)ရှိ မြေဧရိယာ(၁ဒသမ၀၇)ကေနှင့် ၎င်းမြေပေါ်ရှိ (၇၀'x၄၀'x၂၀')ရှိ ဆောက်လက်စ အုတ်ကာ၊ သွပ်မိုးအဆောက်အအုံ(၁)လုံး၊ (၆၀'x၄၀'x၁၅')အုတ်ကာ၊ သွပ်မိုး အဆောက်အအုံ(၁)လုံး၊ (၄၀'x၁၆'x၂၀')ရှိ အုတ်ကာ၊ သွပ်မိုးအဆောက်အအုံ(၁)လုံးအား မြေပြင်မျက်မြင်အနေအထားအတိုင်း အိတ်ပိတ်လေလံစနစ်ဖြင့် ထုခွဲရောင်းချသွားမည်ဖြစ်ပါသည်။

လေလံလျှောက်လွှာရောင်းချမည့်ရက် - ၂၂-၁၂-၂၀၂၂ရက်
လေလံလျှောက်လွှာ ပိတ်မည့်ရက် - ၂၈-၁၂-၂၀၂၂ရက်
လေလံလျှောက်လွှာ ရောင်းချမည့်နေရာ - ကန်ကြီးထောင့်မြို့နယ် သမဝါယမဦးစီးဌာန၊ ကန်ကြီးထောင့်မြို့

လျှောက်လွှာတင်သွင်းသူသည် အာမခံစပေါ်ငွေ တင်သွင်းရမည်ဖြစ်ပြီး အာမခံစပေါ်ငွေ တင်သွင်းထားသည့်အထောက်အထား မူရင်း သက်ဆိုင်ရာလေလံထုခွဲရောင်းချရေးအဖွဲ့သို့ အပ်နှံရမည်ဖြစ်ပြီး လေလံလျှောက်လွှာပိတ်သိမ်းရက် (၂၈-၁၂-၂၀၂၂)ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ ကန်ကြီးထောင့် မြို့နယ်သမဝါယမအသင်းစုသို့ တင်သွင်းရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

လျှောက်လွှာပိတ်သိမ်းပြီး နောက်တစ်နေ့ (၂၉-၁၂-၂၀၂၂)ရက် နံနက် ၁၁နာရီတွင် လေလံဖွင့်လှစ် ရောင်းချမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၀၉-၇၉၄၄၉၉၄၈၇၊ ၀၉-၇၉၂၉၆၉၇၆၂၊ ၀၉-၇၉၁၉၀၂၀၅၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ခ)၊ တုသီတာလမ်း၊ မြေကွက် အမှတ် (၂၅၆)၊ အကျယ်အဝန်းပေ (၄၀x၆၀)၊ ဧရိယာ စတုရန်းပေ ၂၄၀၀ ရှိ ဦးစိုးလွင် ၁၂/ဥကမ(နိုင်)၀၂၄၀၂၃နှင့် ဒေါ်ခင်သန်းရီ ၁၂/ဥကမ(နိုင်)၀၄၂၁၄၀တို့ အမည်ပေါက်လျက်ရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိုးမင်း ၁၂/ဥကမ(နိုင်)၀၄၂၁၄၃၊ ဦးထွန်းထွန်းဝင်း ၁၂/ဥကမ(နိုင်)၀၄၀၈၉၁နှင့် ဦးကျော်ကျော်စိုး ၁၂/ဥကမ(နိုင်)၀၄၂၀၀၅တို့မှ အမည်ပေါက်ဖြစ်သူ မိဘများကွယ်လွန်ပြီးနောက် မိမိတို့သာ ယနေ့အချိန်ထိ လက်ဝယ်လက်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၂၇)**
**အမှတ် (၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၈၃၅၃၅၀၀၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် RA-III/ကွက်ပြင်၊ ဦးပိုင်အမှတ် (၃၅-ည)၊ မြေဧရိယာ ၀ဒသမ၁၁ကေရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးအောင်မိုး ၉/မမန(နိုင်)၀၄၆၄၉၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## မိဘအမည်မှန်

မြဝတီမြို့၊ ဝါးတောကျောင်း Grade-3 မှ မမေဇင်သော်၏ မိခင်အမည်မှန်မှာ မမိမိုး ဖြစ်ပါကြောင်း။ **မမိမိုး**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ (၅)၊ လေတပ်လမ်းနေ မြေကွက်အမှတ် (၁၈)၊ ဦးပိုင်အမှတ် (၇/ခ)နေ ဦးဝင်းမြင့် ၉/မထလ (နိုင်) ၀၅၃၄၁၃ ကိုင်ဆောင်သူမှ (အလျား ၅၀'-၀"xအနံ ၁၅'-၀") RC(၂)ထပ် Slab မိုး အဆောက် အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## မိခင်အမည်မှန်

ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ဇိုက်အုပ်စု ရွာသစ်ကုန်းရွာနေ မောင်မြင့်မြတ်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်အေး ၇/လပတ(နိုင်) ၂၁၀၉၈၅ (ဗမာ/ဗုဒ္ဓ) ဖြစ်ပါကြောင်း။

**ဒေါ်တင်တင်အေး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၂-၂၀၂၂ရက်နေ့ထုတ် ဤသတင်းစာ၏စာမျက်နှာ (၂၆)ပါ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် မြေကွက်အမှတ် ဥ-၅၂၇၅ အစား ဥ-၅၂၇၅ (အေ) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်သားစန်းလင်း(ကိုယ်ပိုင်အမှတ်) ၉၃၃၀၄၂ ၉/မထလ (နိုင်) ၀၄၇၁၆၀(ဘ)ဦးမောင်ညို အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င) ၁၄၄၄ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဖခင်ဖြစ်သူ ဦးမောင်ညို ၉/မထလ(နိုင်) ၀၇၅၄၇၄(ဘ)ဦးလှမောင် မှတရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်သားစန်းလင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မအူပင်တက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးနှင့် ပတ်သက်သော အိတ်ဖွင့်တင်ဒါ

မအူပင်တက္ကသိုလ်(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံ စည်းကမ်းတစ်စုံလျှင် (၅၀၀၀/-)နှုန်းဖြင့် (၂၀-၁၂-၂၀၂၂)ရက်မှ စတင်၍ ဝယ်ယူပြီး (၂-၁-၂၀၂၃)ရက် မွန်းလွဲ ၁နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြော်ငြာအပ်ပါသည်။

အဆိုပါ လျှောက်လွှာနှင့် စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ကိုယ်စားသင်၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရအာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမတရားစီရင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်၊ နံနက် ၁၀ နာရီတွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒာသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ်(၂၁)၊ ဦးပိုင်အမှတ်(၂၄+၂၅)၊ မြေဧရိယာ ၀ ဒသမ ၁၆၆ ဧကရှိမြေကွက်သည် မူလက ဒေါ်နန်ပရီအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၈၃ (V) ၂၀၁၆-၂၀၁၇ အရ ၆-၁၀-၂၀၄၆ အထိနှစ် (၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဒေါ်နန်ပရီက ၎င်းပိုင်ဆိုင်သည့် ခြံမြေကွက်အား၃-၁၁-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၉၅/၂၀၂၂)အရဒေါ်နူးခေါန် ၁/မကန(နိုင်) ၀၀၈၀၈၅ အမည်ဖြင့်မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/6298 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ် ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/ ၅၉၃၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးဆုပြည့်အောင် ၃/ဘအန(နိုင်) ၃၄၈၅၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/4647 Honda Airwave GJ1 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ချစ် ၁၂/သဃက(နိုင်)၀၅၅၅၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်1J/ 5362 FORD RANGER p/u(4x4)ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဦး ၅/ကနန(နိုင်)၀၄၆၅၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/ 21598 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းရီ ၁/မကန(နိုင်)၀၃၀၈၃၈ကက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**



နာမည်ကျော်ဆရာကြီး
**ရာဇာဇော်ဝင်း**
*(LL.B) (WIPO,DL - 101 Switzerland)*
ရွှေမှမပျက် ခေတ်မီလှပသော နာမည်လှလှလေးများကို ဖုန်းသာဆက်လိုက်ပါ။ ကုန်အမှတ်တံဆိပ်ရွေးချယ်ခြင်း၊ အိမ်ရောင်းထွက်ဖို့၊ ဈေးရောင်းကောင်းဖို့၊ ရင်သွေးငယ်၏အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်းပါဦးမည်။ ကလေးအတွက်အစုံပါသည်။ လူကြီးများလိုရာမေး ကိုယ်ဝန်ဆောင်မိခင် ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၉)၊ ဒုထပ်၊(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)
☎ 01-394727,01-399426,09-73009994,09-5152521

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါဗဟိုလမ်း၊ အမှတ်(၁၁၈)ဟုခေါ်တွင်သော (၆)ထပ်တိုက်၏ ပထမထပ် (ခြေရင်းခန်း)၊ အခန်းအမှတ် (1-B)၊ အကျယ်အဝန်း(၁၂ပေခွဲ x ပေ၅၀)ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း အတွင်းရှိ စွဲကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ချုပ်ဆိုခဲ့သော " တိုက်ခန်းအရောင်းအဝယ်သဘောတူစာချုပ်"အရ ဦးကျော်လွင် ၁၄/ပသန(နိုင်) ၁၂၅၆၈၀မှ လက်ဝယ်ရရှိပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ရည်သန့် ၁၂/ကမရ(နိုင်)၀၁၁၈၈၃ မှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက် ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၆၅)**
**NY (Myanmar) Legal Consultant Service Company Limited**
**တိုက်အမှတ်(N-1)၊ အခန်းအမှတ်(၃၀၃)၊ လေးထောင့်ကန်လမ်းမကြီး၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )
## လားရှိုးမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၆နှင့် ဆက်နွယ်သည့်
## ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၈

| | | |
|---|---|---|
| ဦးမျိုးအောင် | နှင့် | ဦးမောင်မောင်စိုး |
| **တရားနိုင်** | | **တရားရှုံး** |

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နမ့်ပါချီးနယ်မြေနေ ဦးမောင်မောင်စိုး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသည့် ဦးမျိုးအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၈၄ခုနှစ် ပြာသိုလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လားရှိုးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက်(၃)၊ ရွာသစ်လမ်း၊ အကွက်အမှတ်နှင့် အကွက်အမည်-၂၀၊ ရွာသစ်အနောက်ရပ်၊ ဦးပိုင်အမှတ်(၂/၆)၊ (၁၀/၈၈)(၈/၈၉)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက ဒေါ်ခင်မိုးကြူ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြတ်ကျော် ၈/မကန(နိုင်)၁၄၃၃၂၃က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံဖြင့် ကျွန်မတို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်မြမြစန်း (LL.B)** | **ဒေါ်ချောကလျာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၈၅၀)** | **(စဉ်-၁၀၇၁၄)** |
| **ဖုန်း-၀၉-၂၅၀၆၂၈၈၁၁** | **ဖုန်း-၀၉-၄၂၈၃၁၃၃၂၅** |

**ငြိမ်းမြရိပ်ဥပဒေအကျိုးဆောင်ရှေ့နေများ**
**(ရုံးခန်း) အမှတ်( ၂၆၄)၊ တိုက်အမှတ်(B.3 ) မြို့မရပ်ကွက်၊**
**အနောက်မြို့ပတ်လမ်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ သုခလမ်း၊ မြေကွက်အမှတ်(၂၈)၊ အကျယ်အဝန်း (၄၂ပေ× ၆၀ပေ)ရှိ ဦးကြည်စန်းတင် (CHK-၁၁၁၈၈၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ မြေကွက်အမှတ် (၂၉)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးကိုကိုလေး (ခ) ဦးဟာမြစ် (CC- ၀၁၂၃၅၆) အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မို့မို့ခိုင် (၁၂/ဥကမ (နိုင်) ၀၀၄၇၃၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်– ၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ဇမ္ဗူသီရိ(၂)လမ်း၊ မြေကွက်အမှတ်(၈၅၄)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးဝင်းအောင် (BV- ၀၁၈၀၃၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက် (၂၅ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဦးကြည်ဝင်း (၁၂/ဥကတ (ပြု) ၀၀၀၀၀၁)၊ (၂) ဦးဟံသိန်း (၁၂/ဥကတ (ပြု) ၀၀၀၀၂)နှင့် (၃) ဦးရင်စိန် (၁၂/ဥကတ (နိုင်) ၀၅၀၅၉၆) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်– ၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ပတ်စ်ပို့ပျောက်

ကျွန်မ မမေဇင်ဦး ၈/ကမန (နိုင်)၀၅၆၈၅၆၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၄၄၅၇၅၄၅၄၄

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၆၈၆)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက၊ အမှုတွဲအမှတ် ၉၆–၅/၂၀၀၉–၂၀၁၀(စီ)ဖြင့် ဒေါ်အိမွန်သော်မှ ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ရူပါဘို ၁၃/လရန(နိုင်)၀၀၅၂၅၆မှ ရောင်း/ဝယ်စာချုပ်(၅၄၄၊/၂၀၂၂)ဖြင့် ဒေါ်တင်တင်မြင့် ၁၃/သပန(နိုင်)၀၃၂၁၄၄ ထံသို့ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့–VIP)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧက၊ အမှုတွဲအမှတ် ၁၉၃–၅/၂၀၁၁–၂၀၁၂(စီ)ဖြင့် ဦးလွန်းသိမှ ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးစိုင်းလိတ် ၁၃/ကခန(နိုင်)၀၀၀၃၂၈ မှ ရောင်း/ဝယ်စာချုပ် (၅၃၁/၂၀၂၂)ဖြင့် ဦးဝင်းမင်းဌေး၅/ပလန(နိုင်)၀၇၀၅၁၃ထံသို့ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(စက်မှုလယ်ယာ)၊ ဦးပိုင်အမှတ်(၃၀၀)၊ ဧရိယာ ၀ ဒသမ ၀၈၃ဧက၊ အမှုတွဲအမှတ် ၇၄၅–၅/၂၀၀၃–၂၀၀၄(စီ)ဖြင့် ဒေါ်မောယယ်လ်မှ ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်း ခံရသူ ဒေါ်မြသွေး(ခ)မြင့်မြင့်စိန် ၁၃/လရန(နိုင်)၀၈၂၁၉၉မှ ရောင်း/ဝယ်စာချုပ်(၃၂၊/၂၀၂၁)ဖြင့် ဒေါ်ဆမ်ကျမ် ၁၃/တယန(နိုင်)၀၇၈၀၁၂ ထံသို့ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အမည်ပြောင်းခြင်း

ပန်းတနော်မြို့နယ်၊ အထကရင်းတိုက်ကုန်း၊ Grade–8(A)မှ (ဘ)ဦးလှမျိုးကျော် ၁၄/ပတန(နိုင်)၁၈၉၆၇၅ ၏ သမီးမယွန်းမြတ်သီရိအား ယနေ့မှစ၍ မအေးချမ်းဖြူဟု ပြောင်းလဲခေါ်ပါရန်။

**မအေးချမ်းဖြူ**

## အမည်ပြောင်း

ဦးအောင်နိုင်ဌေး ၁၃/ကလန(နိုင်)၀၁၄၅၆၅ ၏သား အောင်ပန်းမြို့၊ ထ(ခွဲ)လ(၂)၊ Grade–3 မှ မောင်သူရမျိုးအောင်အား ယနေ့မှစ၍ မောင်ဇင်သူဟိဏ်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇင်သူဟိဏ်းနိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ရေမဲလမ်း၊ (မ/၃၁၆)နေ ဒေါ်နှင်းနွယ်မိုး၏ဖခင် ဦးခင်မောင်နိုင်(ခ) ဦးမောင်မောင်နိုင်(ခ)ဦးဘာဘုရမ်(ခ)ဦးဘာဘူလား(ခ)ဦးဘာဘူးလား(ခ)ဦးဘာဘူလာ ၁၃/တကန(နိုင်)၁၃၇၃၈၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (စက်မှုလယ်ယာအရှေ့)၊ ဦးပိုင် အမှတ်(၂၁၄)၊ ဧရိယာ ၀ ဒသမ ၀၈၃ဧက၊ အမှုတွဲအမှတ် ၂၀၃–၅/၂၀၀၃–၂၀၀၄(စီ)ဖြင့် ဦးအောင်မြင့်မှ ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးကျော်မင်းခိုင် (၈/တတက(နိုင်)၁၀၄၅၄၉)မှ ရောင်း/ဝယ်စာချုပ် (၄၈၈၊/၂၀၂၂)ဖြင့် ဒေါ်အေးစန္ဒာဝင်း ၈/ရစက(နိုင်)၁၁၉၄၄၄ ထံသို့ ရောင်းချပေးပြီး ဖြစ်၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၈၄၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သိန်း ၆/ထဝန(နိုင်)၀၆၁၇၉၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကမ–၃ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 60W/ 70774 SUZUKI SMASH M/C အား စစ်တွေမြို့၊ ကြီးတံရွာနေ ဒေါ်အေးငြိမ်းစံမှ ကမ–၃ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(စစ်တွေ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### တောင်ကြီးမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၇

| | | |
|---|---|---|
| ဒေါ်ခင်မိုးဆွေ | နှင့် | ၁။ ဗိုလ်ကြီးစိုးမြင့်အောင် |
| | | ၂။ ဦးမျိုးသီဟန် |
| **တရားလို** | | **တရားပြိုင်များ** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၃)၊ နယ်မြေ(၂)၊ အမှတ်(၁၅/၅၈)နေ (၁) တရားပြိုင်ဗိုလ်ကြီး စိုးမြင့်အောင် (က–၁၉၅၃၆) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မိုးဆွေက" မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဇန်နဝါရီ ၂ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်၌ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြည့်ဖြိုးအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ သီရိမင်္ဂလာရပ်ကွက် (မြေပေးမိန့်တွင်ငှက်ပျောတောရပ်ကွက်ဟုဖော်ပြပါရှိ)၊ အကွက်အမှတ်(၄၇)၊ အကွက်အမည် (နှုန်းစစ်ကန် အရှေ့ရပ်)၊ မြေကွက်အမှတ်(၂၈၉)၊ ဦးပိုင်အမှတ်(၈၆/ခ)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေနေရာအား ၂–၄–၁၉၉၀ ရက်တွင် ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေပေးမိန့်အမှတ်(၆၀)ဖြင့် ဦးဇော်မင်း–ဒေါ်သန်းစိန်မေ (PTA–၀၅၈၅၃၈)သို့ မြေကွက်ချထားပေးခဲ့ရာ ဦးဇော်မင်းထံမှ ၇–၈–၂၀၀၅ရက်တွင် ဦးကရင်–ဒေါ်တူးမာ ၁၃/ပတယ(နိုင်)၀၃၂၂၆၆ မှ ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက် ၀ ဒသမ ၁၁၀ ဧကအနက်မှ ၀ ဒသမ ၀၅၅ ဧကအား ဦးကရင်(ခ)ဦးထွန်းသစ်ဦး ၁၃/ပတယ(နိုင်)၀၃၂၂၆၆ထံမှတစ်ဆင့် ဦးရန်ပြေ ၁၃/ပတယ(နိုင်)၀၅၃၉၄၇ မှ ၁–၈–၂၀၁၆ ရက်တွင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအထွေထွေ အုပ်ချုပ်ရေးဦးစီးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး**
**ပင်းတယမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ စက်မှုဇုန်–၃၊ ဖောင်းတူလမ်းနှင့် နမ္မတူလမ်းထောင့်၊ အမှတ်–၁၄၈(င)၊ (၂၀'x၃၀') အကျယ်အဝန်းရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော လျှပ်စစ်မီးအပါအဝင်ဆိုင်ခန်း (၁)ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့် ဦးထက်အာကာကျော် ၁၂/ဒဂတ(နိုင်)၀၃၆၂၇၉ နှင့် ဒေါ်မိုးသီတာကျော် ၁၂/ဒဂတ(နိုင်)၀၃၆၂၈၀ တို့ မောင်နှမနှစ်ဦးထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဆာမိ(ခ) ဦးကျော်မြင့် ၁၂/ပဇတ(နိုင်)၀၄၀၉၀၈က အပြီးအပြတ် အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်ပြုံး (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၁၅၃/၂၀၀၄)**
**တိုက်–၄၊ အခန်း – ၅၊ ပေါ်ဆန်းမွှေးလမ်း၊ ၂၉ – ရပ်ကွက်၊ သုဝဏ္ဏ၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၅၀၁၃၆၉၉၊ ၀၉–၇၆၂၄၃၃၄၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြို့မ(၁)၊ အမှတ်(၃)၊ ဘုရင့်နောင်လမ်းနေ ဦးမှတ်စံ–ဒေါ်ခင်ဌေးရီတို့၏သား မောင်ထူးအောင်စံ ၁၀/မဒန(နိုင်)၁၀၅၉၂၂ သည် မိဘနှစ်ပါးနှင့် ဆွေမျိုးညီအစ်ကို မောင်နှမများအား အကြိမ်ကြိမ် စိတ်ဒုက္ခရောက်အောင် ဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်မောင်ထူးအောင်စံနှင့် ပတ်သက်သည့် ကိစ္စအဝဝအား ဦးမှတ်စံ–ဒေါ်ခင်ဌေးရီမိသားစုတို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဖခင်–ဦးမှတ်စံ** | **မိခင်–ဒေါ်ခင်ဌေးရီ** |
| **၁၀/မဒန(နိုင်)၀၂၈၉၈၅** | **၁၀/မဒန(နိုင်)၀၂၉၃၇၄** |
| **အမှတ်(၃)၊ ဘုရင့်နောင်လမ်း၊** | **အမှတ်(၃)၊ ဘုရင့်နောင်လမ်း၊** |
| **မုဒုံမြို့။** | **မုဒုံမြို့။** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### တရားမကျင့်ထုံးဥပဒေ အမိန့်–၅၊ နည်းဥပဒေ–၂၀
### ပြည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၅

| | | |
|---|---|---|
| ဒေါ်အေးအေးမွန် | နှင့် | ကိုကျော်သက်ပိုင် |
| **တရားလို** | | **တရားပြိုင်** |

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ကြို့ပင်ကျေးရွာနေသူ သင်တရားပြိုင်ကျော်သက်ပိုင် (ဘ)ဦးတင်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးမွန်က မေတ္တာဖြင့် ကူညီချေးငှားထားသောငွေမှ ကျန်ငွေ ၅၀၀၀၀၀၀ိ/–(ကျပ်သိန်းငါးဆယ်တိတိ)ရလိုမှုဖြင့် အဆိုပြုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ခုနှစ် ဇန်နဝါရီ ၁၉ရက် (၁၃၈၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ရက်) နံနက် ၁၀:၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြရွှေဇင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်မြို့နယ်တရားရုံး**

## အများသိရှိစေရန် ကြေညာအပ်ပါသည်

မြဝတီမြို့၊ မနောဟရီလမ်း၊ အိမ်အမှတ် (၅)နေ ဦးသိန်းထွန်း၏ သမီးများဖြစ်ကြသော (၁) မတင်တင်နွယ် ၁၀/မလမ(နိုင်)၁၈၇၇၁၂၊ (၂) မဝင်းဝင်းအေး ၁၀/မလမ(နိုင်)၂၂၁၁၉၄ တို့ ဝယ်ယူထားသည့် အိမ်နှင့်မြေကွက်သည် မော်လမြိုင်မြို့၊ ကျိုက္ကနဲရပ်ကွက်၊ အကွက်အမှတ် (၅)၊ ဦးပိုင်အမှတ် (၁၄၂/က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၂၂ ဧကရှိ ဘိုးဘွားပိုင်မြေကွက်ဖြစ်ပြီး ဒေါ်အုံအမည်ပေါက်ပြီး ဒေါ်အုံသည် ၁၉၆၈ ခုနှစ်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးကျော်ဇောသည် ၁၉၅၅ ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး (၁) ဦးခင်ညို၊ (၂) ဦးမောင်မောင်၊ (၃) ဒေါ်လှလှဝေ၊ (၄) ဦးဇော်ဝင်း၊ (၅) ဒေါ်သိန်းသိန်းဝင်း၊ (၆) ဒေါ်ကေသီဝင်း၊ (၇) ဒေါ်ဥမ္မာဝင်း၊ (၈) ဒေါ်မာလာဝင်း၊ (၉) ဒေါ်ကေ့ာမိုင်ဝင်း၊ (၁၀) ဒေါ်ကေသွယ်ဝင်းတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၁၀၂/၂၀၀၉၊ ၁၆၇/၂၀၂၁ တို့အရ အမွေဆက်ခံပြီး အိမ်ရာမြေအရောင်းအဝယ်စာချုပ်အမှတ်–၁၈/၂၀၂၂ ဖြင့် မတင်တင်နွယ်နှင့် မဝင်းဝင်းအေးတို့အား ရောင်းချပြီးနောက် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရုံး၌ မူလအမည်မှ လျှောက်ထားသူများအမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် (၄၇)၊ (၆–လွှာ) ၊ အေ၊ ခေါင်းရင်းခန်း အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ) အကျယ်ရှိ တိုက်ခန်းတစ်ခန်းအပါအဝင်၊ ယင်းတိုက်ခန်း၏ ပိုင်ဆိုင်မှုအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် အကျိုးခံစားရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအေးကျော် (ဘ) ဦးအောင်မြင့် ၁၂/အစန(နိုင်)၁၃၀၄၁၅ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့် ပစ္စည်း၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိခိုင် (LL.B, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်–၄၉၇၀၇)**
**အမှတ်(၁/၄၇)၊နာနတ်တောလမ်း၊ ၈ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၁၅၀၇၈၀**

## အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ အမှတ်(၅)ရပ်ကွက်၊ ဖတ်တန်းလမ်း၊ အမှတ်(၄၅)၊ (၇.က.6.ဠ)ကွင်း၊ အကွက်အမှတ်(၆၉)၊ မရမ်းချိုကုန်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇၀.ဆ)၊ ဧရိယာ ၀ ဒသမ ၀၅၃ဧကရှိ ဦးမော်တီရာမန်းအမည်ပေါက် မြေခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုလတ် ၁၂/ဗဟန(နိုင်)၀၀၃၈၀၅ သည် (၁)ဒေါ်နန်းအေး (MDN–၀၀၁၀၃၂)၊ (၂)ဒေါ်ကြီးမြင့် ၁၄/ပသန(နိုင်)၀၈၈၉၄၀၊ (၃) ဒေါ်တင်မြင့်မြင့် ၁၂/ကမရ(နိုင်)၀၂၄၁၀၇၊ (၄) ဒေါ်ခင်သန်းနွဲ့ ၁၀/မလမ(နိုင်)၀၂၂၁၇၇၊ (၅) ဒေါ်ခင်စန်းမြင့် ၁၂/ဗဟန(နိုင်)၀၁၁၉၀၃၊ (၆) ဒေါ်မဥ္စူတင်ကြည် ၁၂/ပဘတ(နိုင်)၀၁၀၄၈၉တို့ထံမှ ၂၀–၇–၂၀၁၄ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလတ်ခွင့်ပြုချက်မရရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်းများပြုလုပ်ထားသည်ကို သိရှိ၊ တွေ့ရှိရပါက တရားဥပဒေအတိုင်း အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်စွာထက်(တရားလွှတ်တော်ရှေ့နေ) စဉ်–၁၂၈၉၁**
**ရုံးခန်းလိပ်စာ–အမှတ်(၅၆၆)၊ မြို့မလမ်း၊ (မြေညီ)၊**
**၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်**
**ဖုန်း–၀၉–၇၉၅၁၅၈၀၄၀၊ ၀၉–၄၃၁၃၀၀၇၄**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်အေး(B.Sc,Physics.,BED)အထပြ(ငြိမ်း)
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀)ပနှင့် မြောက်ဒဂုံမြို့နယ်၊ ပင်လုံအိမ်ရာ(၂)၊ အမှတ်၁၇(A)နေ (ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်(ငြိမ်း)-ဒေါ်တင်တင်အေး)တို့၏ သမီးကြီး၊ ဗိုလ်ချုပ်တင်ထွန်းအေး(ငြိမ်း)-ဒေါ်သင်းသင်းစိုး၊ ဗိုလ်ကြီးခင်မောင်အေး(ငြိမ်း)-ဒေါ်ခင်စန်းဝင်း၊ ဒေါ်သက်သက်နွယ်အေး-ဒေါက်တာသန်းထွန်းအောင်၊ (ဦးထွန်းနိုင်အေး)၊ ဒေါ်ချောစုစုအေး-ဦးအေးမောင်ဝင်းတို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏ကြီးကြီး၊ မြေးနှစ်ယောက်တို့၏ ဘွားဘွားသည် ၁၈-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပင်လုံဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၂၂ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်အေး BSc Physics BED(အထပြ-ငြိမ်း)
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ် (၇၀)ပ နှင့် မြောက်ဒဂုံမြို့နယ်၊ ပင်လုံအိမ်ရာ(၂)၊ အမှတ် ၁၇(A)နေ [ ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်(ငြိမ်း)-ဒေါ်တင်တင်အေး] တို့၏ သမီးကြီး၊ မမြတ်ရွှေစင်ထွန်း-ဒေါက်တာလွင်ဆန်းကို၊ ဒေါက်တာ ပုလဲဖြူစင်ထွန်း-ဒေါက်တာသက်မင်းထွန်း၊ ဒေါက်တာ စည်သူအောင်၊ ကိုကျော်ဇင်အေး၊ ဒေါက်တာသဇင်သဲစုအေး၊ ဒေါက်တာရဲမင်းထွဋ်၊ မလင်းလင်းရတနာအေး၊ မခင်ပန်းချီ၊ မခင်ဘုန်းပြည့်တို့၏ ကြီးကြီး၊ မောင်မင်းသံလွင်ထွန်းနှင့် မရှုမဝရွှန်းလက်ထွန်းတို့၏ ဘွားဘွားသည် ၁၈-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၂၂ရက် (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၂၂ရက်(စနေနေ့)နံနက်၇နာရီတွင် မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးနေဝင်း
## B.A (Law) LL.B, Dip.in (French)
## ဒု-တိုင်းဥပဒေအရာရှိ(ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ
## အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(၅၄)နေ ဒေါ်နွဲ့နွဲ့တင် (ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်ဇာနည်နေဝင်း (တရားလွှတ်တော်ရှေ့နေ)-ဦးငယ်မင်းကျော် (Service Manager, Myan Shwe Pyi Tractors Ltd.)၊ ဒေါ်တင်ဇာလီနေဝင်း (Amara Mart)- ဦးသန်းဇော်ထိုက် (Uniteam Marine Co.,Ltd.)၊ (ဦးဇော်မင်းထွန်း)-ဒေါ်စန္ဒာဝင်း၊ ဒေါ်တင်စန္ဒီနေဝင်း (Amara Mart)-ဦးကျော်ကိုကိုတို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းသန့်နေ (VUC College)၊ မောင်မင်းသစ်နေ (LHEM)၊ မမေခန့်ညားသူ (T.T.C)၊ မောင်ဖိုးချစ်ထူး(အမက-၁၊ ဗဟန်း)၊ မစိမ့်စိမ့်ထွန်း(အမက-၁၊ ဗဟန်း)၊ မောင်မင်းဆင့်နေ (IIP)၊ မောင်နေလရောင်ထိန် တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၁၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၁:၂၀နာရီတွင် S.S.C ဆေးရုံ အထူးကြပ်မတ် ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) တွင် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပြီး ခန်းမဆောင် (၁+က)သို့ မွန်းလွဲ ၂နာရီရောက်ရှိပြီး ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးနေဝင်း
## B.A(Law) LL.B, Dip.in (French)
## ဒု-တိုင်းဥပဒေအရာရှိ(ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ
## အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ သပြေစိန်ရွာနေ [ဦးစိုးညွှင်း၊ ရာဇဝတ်အုပ်(သာယာဝတီခရိုင်)-ဒေါ်ခင်ကြည်] တို့၏သား၊ (ဒေါ်သန်းရင်-ဦးတင်ထွန်း)(ဒုတိယထောင်မှူး)တို့၏မောင်၊ (ဦးလှဝင်း)(တပ်ကြပ်)၊ ဦးတင်အောင်ကြည်-ဒေါ်ဝင်းဝင်းခိုင်၊ ဒေါ်သန်းသန်းစိုး(ဒုဦးစီး-ငြိမ်း၊ မွေး/ကု)-(ဦးခင်မောင်ဇော်)(Captain)၊ ဦးမြင့်စိုး(လက်ထောက်အင်ဂျင်နီယာ MRTV)-ဒေါ်နန်းယုနွယ်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ [ဦးအေးချို(ကားဝပ်ရှော့လုပ်ငန်း)-ဒေါ်လှမြင့်]တို့၏သားသမက်၊ (ဦးမောင်မောင်တင်)၊ (ဦးဝင်းတင်)(စည်ပင်)၊ (ဒေါ်မြမြအေး-ဦးဖြူတင်)(ပြည်သူ့ဆောက်လုပ်ရေး)၊ ဦးမြင့်သိန်း (ရုပ်ရှင်-ငြိမ်း)-ဒေါ်ခင်အေး၊ ဒေါ်အေးအေးသန်း-ဦးသိန်းထွန်း၊ ဒေါ်ကြည်ကြည်လှိုင်(လယ်ပြ/မူလွန်၊ မြောက်ဒဂုံ)-ဦးတိုးဝင်းထွန်းတို့၏ ယောက်ဖ/မတ်သည် ၁၉-၁၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၁:၂၀နာရီတွင် S.S.Cဆေးရုံ အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပြီး ခန်းမဆောင် (၁+က)သို့ မွန်းလွဲ ၂ နာရီရောက်ရှိပြီး ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ် လူသစ်
## ဘဝသစ်

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ အောင်နန်းရပ်နေ ဒေါ်ဂျမူနာမာယာ၏သား မောင်ဂနေ့(စ်)ဗဟာဒူး ၉/မကန(နိုင်) ၁၀၉၀၈၀သည် မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းငှင်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင် - ဒေါ်ဂျမူနာမာယာ**

## ဦးလှမြင့်(ပိန်းဇလုပ်/မြိတ်)
## Master Mariner- F.G(တနင်္သာရီတိုင်း ဆိပ်ကမ်းအရာရှိ၊ ငြိမ်း)
## အသက်(၉၀)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့နေ(ဦးဘာဘာ-ဒေါ်ယဉ်မေ)တို့၏သားကြီး၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်နေ (ဦးဘိုးသင်-ဒေါ်ငွေစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမွန် (၇)လမ်း၊ ခြံ အမှတ်(၁၁)နေ (ဒေါ်ရှုကြူ)၏ခင်ပွန်း၊ ကိုအောင်အောင်သွင်၊ ကိုညီညီသွင်-ဒေါ်ချိုချိုအေးတို့၏ဖခင်၊ မြေး သုံးယောက် တို့၏အဘိုး၊ (ဦးလှဝင်း-ဒေါ်လွင်လွင်သင်း)၊ (ဦးလှထွန်း)-ဒေါ်ခင်မာယု၊ ဒေါ်ခင်အေး(အထက-၁၊ အင်းစိန်၊ ငြိမ်း)-ရဲမှူး ဖေမောင်ထွန်း(CID)ငြိမ်း၊ ဗိုလ်ကြီး ဒေါ်ခင်နီ(ငြိမ်း)၊ သမားတော်အထူးကုဆေးခန်း(၈)မိုင်၊ ဒေါ်ခင်မြင့်မြင့်-ဦးဝင်းအောင်၊ ဒေါ်ခင်ခင်ကြည်-(ဦးကျော်စိုး)တို့၏ ကျေးဇူးရှင်အစ်ကိုကြီး ဦးလှမြင့်သည် ၂၀-၁၂-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၁၁:၄၀ နာရီတွင် Grand Hanthar ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၂၂ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ကော်(မြိတ်)
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၂၀၆နေ(ဦးစစ်ပက်-ဒေါ်ဆိုးမေ)(မြိတ်)တို့၏သမီး၊ (ဦးဟိုစိန်)၏ဇနီး၊ (ဒေါ်စန်းစန်း)၊ (ဦးအောင်ခင်)၊ ဦးစိန်-ဒေါ်တင်မာလေး၊ (ဦးထိန်ဝင်း)၊ ဒေါ်နီနီမော်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ် သုံးယောက်တို့၏ အဘွား ဒေါ်ကျင်ကော် သည် ၂၀-၁၂-၂၀၂၂ရက် (အင်္ဂါနေ့)မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒု-ဗိုလ်မှူးကြီးသာဋွေး(ငြိမ်း) (မြင်းခြံ)
## ဂုဏ်ထူးဆောင်နာယကကြီး
## နီငြိမ်း(အညာတက္ကသိုလ်) ပခုက္ကူ ဦးအုန်းဖေ စာမူဆုများရှင်
## အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ ရတနာကျွန်းရိပ်သာ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်လှ၏ ချစ်ခင်ပွန်း ဒု-ဗိုလ်မှူးကြီး သာဋွေး(ငြိမ်း) သည် ၁၇-၁၂-၂၀၂၂ရက် (စနေနေ့)တွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)**

## ဒေါ်ခင်စမ်းပို(အလုံ)
## အလက(၂) ကျောင်းသူဟောင်း
## အသက် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်နေ(ဦးဘကျော်-ဒေါ်ခင်မေ) တို့၏သမီးထွေး၊ (ဦးမြင့်ဦး) လဝကဦးစီးမှူး၏ဇနီး၊ ကိုအောင်ကျော်သူ-မဝင်းပပ၊ ကိုရန်နောင်သူ-မနန်းမိုးအေးတို့၏မိခင်ကြီး၊ မြေး လေးယောက်တို့၏ အဘွားသည် ၁၈-၁၂-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၇:၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ နံနက် ၁၁:၁၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၆၃၁၈)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးတင်မောင်လှ (ဘ)ဦးရွှေသောင်း ၁၂/လကန(နိုင်) ၀၂၂၃၁၂ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးတင်မောင်လှထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၃၉၉၁/၂၀၂၂)၊ (၃၁-၈-၂၀၂၂)ရရှိထားသူ ဒေါ်ခင်သီတာအေး(ဘ)ဦးကျော်ဌေး ၉/မရမ(နိုင်) ၀၄၉၄၈၁ မှ ဦးကျော်မြင့်သန်း(ဘ)ဦးကျော်ဌေး ၉/မရမ(နိုင်) ၀၈၆၁၇၉နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပျော်ဘွယ်မြို့၊ ဆားတောင်ကျေးရွာနေ ဒေါ်လေဒီစိန်၏သား မောင်ဟန်ဌေး ၉/ပဘန(နိုင်)၁၄၉၇၀၅ သည် မိဘ၏ ဆိုဆုံးမမှုအား မနာခံဘဲ ရွှေ၊ ငွေ ပစ္စည်းများယူဆောင်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လေဒီစိန် ၉/ပဘန(နိုင်)၀၆၁၇၃၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/64275, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၁၄/ပသန(နိုင်)၁၅၁၁၈၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှကျင်
## အသက် (၈၄)နှစ်

သူငယ်ချင်း ဇော်မင်းသိန်း၏ မိခင်ကြီး ဒေါ်လှကျင်သည် ၁၉-၁၂-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၃:၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သီဟတပ်ခွဲ**
**သူငယ်ချင်းမိသားစုများ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာ အထက(ခွဲ)Grade-6 မှ မောင်ရှင်းသန့်မောင်မောင်၊ Grade-9 မှ မအိအိမင်းတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းလှိုင် ၅/ဒပယ(နိုင်)၀၉၅၃၇၀ ဖြစ်ပါကြောင်း။ **ဦးမင်းလှိုင်**

## အမည်မှန်

ရွှေတောင်မြို့နယ်၊ လမိုင်းကျေးရွာအုပ်စု၊ တာလမ်းကျေးရွာနေ ဦးသန်းအေး၏ သမီး မပွင့်နဒီမောင်၏ အမည်မှန်မှာ မပွင့်နဒီအောင် ၇/ရတန(နိုင်)၁၃၂၈၄၇ ဖြစ်ပါကြောင်း။

**မပွင့်နဒီအောင်**

## အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ဥဩလမ်း၊ အမှတ်(၃၅)နေ ဦးအေးလွင် ၁၃/တကန(နိုင်) ၀၈၃၈၃၂မှ (၁၆-၁၁-၂၀၂၂)ရက်တွင် တောင်ကြီးမြို့၊ နိုတြီပဗ္ဗလစ် ဦးစိန်ဝင်းချမ်း (B.A(Law)LL.B) (စဉ်-၂၃၄၄)ထံ၌ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်၊ ၀၇၃၉/၂၀၂၂ဖြင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အမှတ်(င-၁၀၂/၁၀၃)နေ ဦးဟံဝင်းအောင် (ဘ)ဦးမောင်တင် ၉/နထက(နိုင်) ၁၀၂၄၅၆အားလွှဲအပ်ပေးထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာကို (၁-၁၂-၂၀၂၂)ရက်မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအေးလွင် ၁၃/တကန(နိုင်) ၀၈၃၈၃၂**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊မြိတ်မြို့၊ထားဝယ်စုရပ်ကွက်၊ကွင်းအမှတ်၁၁(ခ)၊ထားဝယ်စုမြောက်ကွင်း၊ ဦးပိုင်အမှတ်၅၁၊ မြေဧရိယာ ၀ဒသမ ၀၅၈ဧကရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ် ၆၅/၂၀၁၁-၂၀၁၂အရ ဦးတင်ဟို၊ ဒေါ်ပိုရီတို့ အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဦးတင်ဟို၊ ဒေါ်ပိုရီတို့၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးတင်ထွဋ်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၅၇/၂၀၂၁)ဖြင့် ဦးအောင်ကိုလတ်၊ဒေါ်သင်းသင်းအေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေးဦးအောင်ကိုလတ် ၆/ပလန(နိုင်)၀၆၈၀၂၃၊ ဒေါ်သင်းသင်းအေး ၆/မမန(နိုင်)၁၃၁၀၈၉တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ် (၉၃)၊ ဧရိယာ ပေ (၄၀x၆၀)၊ မြေကွက်တည်နေရာအမှတ် (၉၃)၊ တမာလမ်း၊ (၁၀/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြင့်မြင့်ထွေး ၁၂/သကတ(နိုင်) ၀၃၆၁၉၁ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်ထွေး (မိခင်)နှင့် (ဖခင်)ဖြစ်သူ ဦးခင်ဝင်းတို့ အသီးသီးကွယ်လွန်ကြသဖြင့် သားများဖြစ်သော ဦးအောင်ပြည့်ဖြိုး ၁၂/သကတ(နိုင်)၁၅၄၈၆၆၊ ဦးရဲရင့်ဖြိုး ၁၂/သကတ(နိုင်) ၁၆၀၁၃၂၊ ဦးထက်အောင်ရှိုင်း ၁၂/သကတ(နိုင်) ၁၇၂၉၉၀တို့ထံမှ General Power အမှတ်-၁၃၈၁၀/၂၀၂၂ (၈-၈-၂၀၂၂)ရသူ ဒေါ်အိဆွေဟန် ၁၂/ကတန(နိုင်)၀၀၁၁၄၃မှ GP ပေးသူ သက်ရှိထင်ရှားရှိပြီး ပါဝါမရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မိဘများတွင် မိမိတို့ (၃)ဦးကိုသာ မွေးဖွားခဲ့ပြီး ကိတ္တိမသားသမီးနှင့် အခြားသားသမီးမရှိပါကြောင်းနှင့် မိသားစုအရင်း အခြားများဖြစ်သော မိမိတို့ကသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဦးအောင်ပြည့်ဖြိုး၊ ဦးရဲရင့်ဖြိုး၊ ဦးထက်အောင်ရှိုင်းတို့၏ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဒေါ်မြင့်မြင့်ထွေးနှင့် ဦးခင်ဝင်းတို့၏ သေစာရင်း၊ နိုင်ငံသားစိစစ် ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ GP မူရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးပို့ကုန်အမယ်ထဲတွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်...

❖ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေး မဟာဗျူဟာ၏ မျှော်မှန်းချက်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေးဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုကဏ္ဍများ၊ တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို အစိုးရနှင့်ပြည်သူ အတူလက်တွဲပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန်လို

နေပြည်တော် ဒီဇင်ဘာ ၂၀

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင်

*စာမျက်နှာ ၅ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၂) တွင် အမှာစကား ပြောကြားစဉ်။

# ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားများ ပြေးဆွဲပေးမည်



နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့်ကုန်စည် စီးဆင်းမှု မြန်ဆန်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများကို ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဂုတ်ထိပ်အပိုင်းတွင် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသား

*စာမျက်နှာ ၁၃ ကော်လံ ၁* ◆

## ယနေ့ သတင်းအညွှန်း

**မလေးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် နေအိမ်စွန့်ခွာသူပေါင်း ၅၆၁၅၉ ဦးအထိ ရှိလာ**



နိုင်ငံတကာသတင်း စာ - ၁၄

AFF Cup အုပ်စုပထမပွဲကစားမည့် မြန်မာနှင့် မလေးရှားပွဲကြို သတင်းစာရှင်းလင်းပွဲကျင်းပ

ပြည်တွင်းသတင်း စာ - ၁၈